# လုပ်ငန်းစဉ်ဆိုင်ရာ အကာအကွယ်များ အသိပေးချက်

နောက်ဆုံး ပြုပြင်မွမ်းမံခဲ့သည့်ရက် - ၁၀/၁၆/၁၈

*မှတ်ချက် - ဤစာရွက်စာတမ်းကို မီချီဂန် ပညာရေးဌာန စံနှုန်းများနှင့်အညီ အသုံးပြု၍ ရနိုင်စေရန်အတွက် အပ်ဒိတ်လုပ်ခဲ့ပါသည်။ အခြားမည်သည့် အကြောင်းအရာ အပြောင်းအလဲကိုမျှ မပြုလုပ်ခဲ့ပါ။*

မီချီဂန် ပညာရေးဌာန

အထူးပညာရေးရုံး

**ပြည်နယ် ပညာရေးဘုတ်အဖွဲ့**

Casandra E. Ulbrich၊ တွဲဖက်ဥက္ကဋ္ဌ

Richard Zeile တွဲဖက်ဥက္ကဋ္ဌ

Michelle Fecteau၊ အတွင်းရေးမှူး

Tom McMillin၊ ဘဏ္ဍာထိန်း

Nikki Snyder၊ *NASBE* [*National Association of School Boards of Education* – ပညာရေးဆိုင်ရာ ကျောင်းဘုတ်အဖွဲ့များ အမျိုးသားအသင်း]၊ ကိုယ်စားလှယ်

Pamela Pugh

Lupe Ramos-Montigny

Eileen Lappin Weiser

**ရာထူးအရ ပါဝင်သူများ**

Rick Snyder၊ အာဏာပိုင်

Sheila A. Alles၊ ကြားဖြတ် ပြည်နယ် ကြီးကြပ်အုပ်ချုပ်သူ

**မီချီဂန် ပညာရေးဌာန[*Michigan Department of Education (MDE)]***

အထူးပညာရေးရုံး *[Office of Special Education]*

*608 West Allegan Street*

*P.O. Box 30008*

*Lansing, MI 48909*

*517-241-7075*

*MDE ဝဘ်ဆိုက်* (www.michigan.gov/mde)

မသန်စွမ်းမှု ရှိသူများ ပညာရေး အက်ဥပဒေ [*Individuals with Disabilities Education Act (IDEA)*] သည် *IDEA* နှင့် *U.S.* [*United States* – အမေရိကန် ပြည်ထောင်စု] ပညာရေးဌာန စည်းမျဉ်းများအရ ရရှိနိုင်သော လုပ်ငန်းစဉ်ဆိုင်ရာ အကာအကွယ်များအား အပြည့်အစုံ ရှင်းပြထားသည့် အသိပေးချက် တစ်ခုကို ကျောင်းများက မသန်စွမ်းမှုရှိသော ကလေးတစ်ဦး၏ မိဘများကို ပေးစေသည့် မသန်စွမ်းမှုရှိသော ကျောင်းသားကျောင်းသူများ၏ ပညာရေးနှင့် ပတ်သက်သော ဖက်ဒရယ်ဥပဒေ ဖြစ်ပါသည်။ အောက်ပါအခြေအနေများတွင် မိဘများအား မိတ္တူတစ်စုံ ပေးရမည်မှလွဲ၍ ဤအသိပေးချက်၏ မိတ္တူတစ်စုံအား စာသင်နှစ်တစ်နှစ်တွင် တစ်ကြိမ်သာ မိဘများအား ပေးရမည် ဖြစ်ပါသည် - (၁) ကနဦး လွှဲပြောင်းပေးခြင်း သို့မဟုတ် အကဲဖြတ်ရန်အတွက် မိဘ၏ တောင်းဆိုမှုအရ (၂) 34 *CFR* [*Code of Federal Regulations* – ပြည်ထောင်စု ပြဋ္ဌာန်းဥပဒေများ] §§300.151 မှ 300.153 အထိအရ ပထမဆုံး ပြည်နယ် တိုင်ကြားချက်ကို လက်ခံရရှိချိန်တွင်နှင့် §300.507 အရ စာသင်နှစ် တစ်နှစ်တွင် ပထမဆုံး တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်ကို လက်ခံရရှိချိန်တွင် (၃) နေရာချထားပေးမှု အပြောင်းအလဲကို ဖြစ်စေသော စည်းကမ်းထိန်းသိမ်းရေး ဆောင်ရွက်ချက်ကို ပြုလုပ်ရန် ဆုံးဖြတ်ချက်ချချိန်တွင်နှင့် (၄) မိဘများက တောင်းဆိုချိန်တွင်။ [34 *CFR* §300.504(a)]

ဤလုပ်ငန်းစဉ်ဆိုင်ရာ အကာအကွယ်များ အသိပေးချက်တွင် §300.148 (အများပြည်သူ ကုန်ကျစရိတ်ဖြင့် ပုဂ္ဂလိကကျောင်းတွင် တစ်ဖက်သက်ကျသော နေရာချထားပေးမှု) အရ၊ §§300.151 မှ 300.153 (ပြည်နယ် တိုင်ကြားချက် လုပ်ငန်းစဉ်များ) အရ၊ §300.300 (ခွင့်ပြုချက်) အရ၊ §§300.502 မှ 300.503 အရ၊ §§300.505 မှ 300.518 အရနှင့် §§300.530 မှ 300.536 (အပိုင်း ခ စည်းမျဉ်းများ၏ အပိုင်းခွဲ (*Subpart*) *E* ပါ လုပ်ငန်းစဉ်ဆိုင်ရာ အကာအကွယ်များ) အရနှင့် §§300.610 မှ 300.625 (အပိုင်းခွဲ (*Subpart*) *F* ပါ သတင်းအချက်အလက် လျှို့ဝှက်ထားရှိရေး ပြဋ္ဌာန်းများ) အရ ရရှိနိုင်သော လုပ်ငန်းစဉ်ဆိုင်ရာ အကာအကွယ်များ အားလုံးကို အပြည့်အစုံ ရှင်းပြထားခြင်း ပါဝင်ရပါမည်။

ဤစာရွက်စာတမ်းတလျှောက်တွင် အောက်ပါအတိုကောက်များကို အသုံးပြုထားပါသည် -

| | |
|---|---|
| ALJ | စီမံအုပ်ချုပ်ရေး ဥပဒေ တရားသူကြီး [*Administrative Law Judge*] |
| BIP | အပြုအမူဆိုင်ရာ ကြားဝင်ဆောင်ရွက်ခြင်း အစီအစဉ် [*Behavioral Intervention Plan*] |
| FAPE | သင့်လျော်သော အခမဲ့ဖြစ်သည့် အများပြည်သူ ပညာရေး [*Free Appropriate Public Education]* |
| FERPA | မိသားစု ပညာရေးဆိုင်ရာ အခွင့်အရေးများနှင့် ကိုယ်ရေးလုံခြုံမှု အက်ဥပဒေ [*Family Educational Rights and Privacy Act*] |
| FBA | လုပ်ဆောင်နိုင်မှုဆိုင်ရာ အပြုအမူ စစ်ဆေးမှု [*Functional Behavioral Assessment*] |
| IDEA | မသန်စွမ်းမှု ရှိသူများ ပညာရေး အက်ဥပဒေ [*Individuals with Disabilities Education Act*] |
| IEE | သီးခြားဖြစ်သော ပညာရေးဆိုင်ရာ အကဲဖြတ်ခြင်း [*Independent Educational Evaluation*] |
| IEP | တစ်ဦးချင်းအလိုက် ပညာရေး အစီအစဉ် ]*Individualized Education Program*] |
| MDE | မီချီဂန် ပညာရေးဌာန[*Michigan Department of Education*] |
| OSE | အထူးပညာရေးရုံး [*Office of Special Education*] |
| SOAHR | စီမံအုပ်ချုပ်မှုဆိုင်ရာ ကြားနာခြင်းများနှင့် စည်းကမ်းများအတွက် ပြည်နယ်ရုံး [*State Office of Administrative Hearings and Rules*] |

# မာတိကာ


လုပ်ငန်းစဉ်ဆိုင်ရာ အကာအကွယ်များ အသိပေးချက်......13

အထွေထွေ သတင်းအချက်အလက် ......13

ကြိုတင်ရေးသားထားသော အသိပေးချက် ......13

34 *CFR* §300.503......13

အသိပေးချက်......13

အသိပေးချက်၏ အကြောင်းအရာ ......13

အသိပေးချက်တွင် ပါဝင်သည့်အတိုင်း တစ်ဦးချင်းအလိုက် ပညာရေး အစီအစဉ်ကို အသုံးပြုခြင်း 14

နားလည်နိုင်သော ဘာသာစကားဖြင့် အသိပေးချက် ......14

မိခင်ဘာသာစကား......15

34 *CFR* §300.29 ......15

အီလက်ထရောနစ်မေးလ် ......15

34 *CFR* §300.505......15

မိဘခွင့်ပြုချက် - အဓိပ္ပါယ်ဖွင့်ဆိုချက် ......15

34 *CFR* §300.9......15

ခွင့်ပြုချက်......15

မိဘခွင့်ပြုချက်......16

34 *CFR* §300.300......16

ကနဦး အကဲဖြတ်ခြင်းအား ခွင့်ပြုချက် ......16

အစိုးရက စောင့်ရှောက်ထားသော ကလေးများအတွက် ကနဦး အကဲဖြတ်ခြင်း ပြုလုပ်ရန် အထူးစည်းကမ်းများ ......17

ဝန်ဆောင်မှုများအတွက် မိဘခွင့်ပြုချက်......18

မိဘခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်းခြင်း......18

ပြန်လည်အကဲဖြတ်ခြင်းအတွက် မိဘခွင့်ပြုချက် ...................................................19
မိဘခွင့်ပြုချက်ရရှိရန် သင့်လျော်သော ကြိုးပမ်းမှုများ ပြုလုပ်ခဲ့ကြောင်း စာရွက်စာတမ်း...........20
အခြားခွင့်ပြုချက် လိုအပ်မှုများ ...................................................................20
သီးခြားဖြစ်သော ပညာရေးဆိုင်ရာ အကဲဖြတ်ခြင်းများ ...................................................21
34 *CFR* §300.502 ...............................................................................21
အထွေထွေ.......................................................................................21
အဓိပ္ပါယ်ဖွင့်ဆိုချက်များ ...........................................................................21
အများပြည်သူ ကုန်ကျစရိတ်ဖြင့် အကဲဖြတ်ရန် မိဘအခွင့်အရေး.................................21
မိဘက စတင်ပြုလုပ်သော အကဲဖြတ်ခြင်းများ....................................................22
စီမံအုပ်ချုပ်ရေး ဥပဒေ တရားသူကြီးတစ်ဦးမှ အကဲဖြတ်ခြင်းများကို တောင်းဆိုခြင်းများ ..........23
ကျောင်းခရိုင် သတ်မှတ်ချက်များ ..................................................................23
သတင်းအချက်အလက်အား လျှို့ဝှက်ထားရှိမှု .............................................................23
အဓိပ္ပါယ်ဖွင့်ဆိုချက်များ .....................................................................................23
34 *CFR* §300.611 ...............................................................................23
မည်သူဖြစ်ကြောင်း သိရှိနိုင်သော သတင်းအချက်အလက်............................................24
34 *CFR* §300.32 .................................................................................24
မိဘများအား အသိပေးခြင်း .....................................................................................24
34 *CFR* §300.612 ...............................................................................24
ရယူကြည့်ရှုမှု အခွင့်အရေးများ....................................................................................25
34 *CFR* §300.613 ...............................................................................25
ရယူကြည့်ရှုခြင်း မှတ်တမ်း ......................................................................................26
34 *CFR* §300.614 ...............................................................................26
ကလေးတစ်ဦးထက်ပိုသော မှတ်တမ်းများ ..........................................................................26

34 *CFR* §300.615 ........ 26

သတင်းအချက်အလက် အမျိုးအစားများနှင့် တည်နေရာများ စာရင်း ........ 27

34 *CFR* §300.616 ........ 27

အခကြေးငွေများ ........ 27

34 *CFR* §300.617 ........ 27

မိဘ၏ တောင်းဆိုချက်ဖြင့် မှတ်တမ်းများကို ပြင်ဆင်ခြင်း ........ 27

34 *CFR* §300.618 ........ 27

ကြားနာမှုတစ်ခု ပြုလုပ်ရန် အခွင့်အရေး ........ 28

34 *CFR* §300.619 ........ 28

ကြားနာမှု လုပ်ငန်းစဉ်များ ........ 28

34 *CFR* §300.621 ........ 28

ကြားနာမှု၏ ရလဒ် ........ 28

34 *CFR* §300.620 ........ 28

မည်သူဖြစ်ကြောင်း သိရှိစေနိုင်သော သတင်းအချက်အလက်ကို ဖွင့်ဟခြင်းအတွက် ခွင့်ပြုချက် ........ 29

34 *CFR* §300.622 ........ 29

အကာအကွယ်များ ........ 30

34 *CFR* §300.623 ........ 30

သတင်းအချက်အလက်ကို ဖျက်ဆီးခြင်း ........ 30

34 *CFR* §300.624 ........ 30

ကျောင်းသားကျောင်းသူ အခွင့်အရေးများ ........ 31

34 *CFR* §300.625 ........ 31

ကြားဝင်စေ့စပ်ပေးခြင်း ........ 31

ကြားဝင်စေ့စပ်ပေးခြင်း ........ 31

34 *CFR* §300.506 ........ 31

အထွေထွေ ........ 31

လိုအပ်ချက်များ ........ 31

ကြားဝင်စေ့စပ်ပေးသူ၏ ဘက်မလိုက်မှု ........ 33

ပြည်နယ် တိုင်ကြားချက် လုပ်ငန်းစဉ်များ ........ 34

တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြားနာခြင်း တိုင်ကြားချက်နှင့် ပြည်နယ် တိုင်ကြားချက် လုပ်ငန်းစဉ်များအကြား ကွာခြားမှု ........ 34

ပြည်နယ်တိုင်ကြားချက် လုပ်ငန်းစဉ်များကို လက်ခံခြင်း ........ 35

34 *CFR* §300.151 ........ 35

အထွေထွေ ........ 35

သင့်လျော်သော ဝန်ဆောင်မှုများကို ငြင်းဆန်ခြင်းအတွက် ကုစားမှုများ ........ 35

အနည်းဆုံး ပြည်နယ်တိုင်ကြားချက် လုပ်ငန်းစဉ်များ ........ 35

34 *CFR* §300.152 ........ 35

အချိန်အကန့်အသတ်၊ အနည်းဆုံး လုပ်ငန်းစဉ်များ ........ 35

အချိန်ထပ်တိုးခြင်း၊ အပြီးသတ်ဆုံးဖြတ်ချက်၊ အကောင်အထည်ဖော်ခြင်း ........ 36

ပြည်နယ်တိုင်ကြားချက်များနှင့် တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြားနာခြင်းများ ........ 37

ပြည်နယ်ဆိုင်ရာ တိုင်ကြားမှုတစ်ခု ပြုလုပ်ခြင်း ........ 37

34 *CFR* §300.153 ........ 37

တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက် လုပ်ငန်းစဉ် ........ 40

တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်တစ်ခုကို ပြုလုပ်ခြင်း ........ 40

34 *CFR* §300.507 ........ 40

အထွေထွေ ........ 40

မိဘများအတွက် သတင်းအချက်အလက်များ ........ 40

တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက် ....................................................41
34 *CFR* §300.508 ...........................................................................................41
အထွေထွေ ..........................................................................................................41
တိုင်ကြားစာပါ အကြောင်းအရာများ ...................................................................41
တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်အတွက် ကြားနာမှု တစ်ခု မတိုင်ခင် နို့တစ်စာ လိုသည်။ ...................................................................................................................41
တိုင်ကြားချက်၏ လုံလောက်မှု ...........................................................................42
တိုင်ကြားစာ ဖြည့်စွက်ပြင်ဆင်ချက် ...................................................................42
ကျောင်းခရိုင်မှ တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်ကို တုံ့ပြန်ခြင်း .................42
တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်တစ်ခုကို အခြား ပါတီမှ တုံ့ပြန်သည် ..........43
နမူနာ ဖောင်များ .....................................................................................................43
34 *CFR* §300.509 ...........................................................................................43
တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်နှင့် ကြားနာမှုများ ဆိုင်းငံ့ထားစဉ် ကလေး၏ နေရာချထားမှု .......................................................................................................44
34 *CFR* §300.518 ...........................................................................................44
ဖြေရှင်းချက် လုပ်ငန်းစဉ် .....................................................................................44
34 *CFR* §300.510 ...........................................................................................44
ဖြေရှင်းချက် အစည်းအဝေး ..................................................................................44
ဖြေရှင်းချက် ကာလ ...............................................................................................45
ဖြေရှင်းချက် ပြက္ခဒိန် ရက် ၃၀ ကာလသို့ ပြင်ဆင်ချက်များ ..........................................46
စာဖြင့် ပြေငြိမ်းကြောင်း သဘောတူညီချက် .............................................................47
သဘောတူညီချက် လေ့လာသုံးသပ်မှု ကာလ ..........................................................47
တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်အပေါ် ကြားနာမှုများ ..................................48
ဘက်မလိုက်သော တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြားနာခြင်း ....................................48

34 *CFR* §300.511 ........ 48

အထွေထွေ ........ 48

ဘက်မလိုက်သော အုပ်ချုပ်ရေး ဥပဒေ တရားသူကြီး ........ 48

တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြားနာခြင်း၏ အကြောင်းအရာများ ........ 49

ကြားနာမှု တစ်ခု တောင်းဆိုခြင်းအတွက် အချိန်ကာလ ........ 49

အချိန်ကာလအတွက် ချွင်းချက်များ ........ 49

ကြားနာမှု အခွင့်အရေးများ ........ 49

34 *CFR* §300.512 ........ 49

အထွေထွေ ........ 49

နောက်ဆက်တွဲ ထုတ်ဖော်ထားသော သတင်းအချက်အလက်များ ........ 50

ကြားနာမှုများတွင် မိဘ အုပ်ထိန်းခွင့် ........ 50

ကြားနာမှု ဆုံးဖြတ်ချက်များ ........ 50

34 *CFR* §300.513 ........ 50

အုပ်ချုပ်ရေးဥပဒေ တရားသူကြီး၏ ဆုံးဖြတ်ချက် ........ 50

တည်ဆောက်မှု အပိုဒ်များ ........ 51

တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြားနာခြင်းတစ်ခုအတွက် သီးခြား တောင်းခံမှု ........ 51

အတိုင်ပင်ခံ အဖွဲ့နှင့် အများပြည်သူလူထု သို့ ရှာဖွေတွေ့ရှိချက်များနှင့် ဆုံးဖြတ်ချက်များ ........ 51

အယူခံများ ........ 52

ဆုံးဖြတ်ချက်၏ နောက်ဆုံးဖြစ်မှု၊ အယူခံ၊ ဘက်မလိုက်သော ပြန်လည် သုံးသပ်မှု ........ 52

34 *CFR* §300.514 ........ 52

ကြားနာမှု ဆုံးဖြတ်ချက်၏ နောက်ဆုံးဖြစ်မှု ........ 52

အချိန်ကာလများနှင့် ကြားနာမှုများ၏ အဆင်ပြေမှု ........ 52

34 *CFR* §300.515 ........ 52

တရားမမှုများ၊ အဆိုပါ တရားမမှုများ တင်သွင်းရန် ကာလများ အပါအဝင် ............................ 53
34 *CFR* §300.516 ........................................................................................ 53
အထွေထွေ ................................................................................................ 53
ကာလ ကန့်သတ်ချက် ...................................................................................... 53
ထပ်ဆောင်း လုပ်ငန်းစဉ်များ ............................................................................ 53
ခရိုင် တရားရုံးများ၏ အခွင့်အာဏာ ...................................................................... 53
တည်ဆောက်မှု စည်းမျဉ်း ................................................................................ 53
ရှေ့နေကြေး .................................................................................................. 54
34 *CFR* §300.517 ........................................................................................ 54
အထွေထွေ ................................................................................................ 54
အခကြေးများ အတွက် ဆု ................................................................................. 55
မသန်စွမ်းသော ကလေးသူငယ်များအား စည်းကမ်းထိန်းသိမ်းရန် လုပ်ငန်းစဉ်များ ........................ 57
ကျောင်းဝန်ထမ်း အာဏာပိုင် ............................................................................. 57
34 *CFR* §300.530 ........................................................................................ 57
ကိစ္စရပ်အလိုက် စိစစ်သုံးသပ်ခြင်း ...................................................................... 57
အထွေထွေ ................................................................................................ 57
ထပ်တိုး အခွင့်အာဏာ .................................................................................... 57
ဝန်ဆောင်မှုများ ........................................................................................... 58
အပြုအမူအား ဆုံးဖြတ်ခြင်း ................................................................................ 59
အမူအကျင့်က ကလေး၏ မသန်စွမ်းမှုဆိုင်ရာ အပြုအမူဖြစ်သည်ဟု ဆုံးဖြတ်ခြင်း ................ 59
အထူး အခြေအနေများ ..................................................................................... 60
အထူး အခြေအနေများ ..................................................................................... 60
အဓိပ္ပါယ်ဖွင့်ဆိုချက်များ .................................................................................. 60

အသိပေးချက် ....... 61

စည်းကမ်းပိုင်းဆိုင်ရာအရ ရွှေ့ပြောင်းမှုကြောင့် နေရာချထားမှု ပြောင်းလဲခြင်း....... 61

34 *CFR* §300.536 ....... 61

အစီအမံအား ဆုံးဖြတ်ခြင်း ....... 62

34 *CFR* § 300.531 ....... 62

အယူခံ....... 62

34 *CFR* § 300.532 ....... 62

အထွေထွေ....... 62

အုပ်ချုပ်မှုဆိုင်ရာ တရားသူကြီး၏ အခွင့်အာဏာ ....... 63

အယူခံကာလအတွင်း နေရာချထားမှု ....... 64

34 *CFR* §300.533 ....... 64

အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများတွင် အကျုံးမဝင်သည့် ကလေးများအတွက် အကာအကွယ်များ ....... 64

34 *CFR* §300.534 ....... 64

အထွေထွေ....... 64

စည်းကမ်းပိုင်းဆိုင်ရာ ကိစ္စရပ်များအတွက် အခြေခံ သိရှိမှု ....... 65

ခြွင်းချက် ....... 65

သိရှိထားခြင်းမရှိခဲ့လျှင် ထောက်ပံ့ပေးသည့် အခြေအနေများ....... 65

ဥပဒေ စိုးမိုးရေးနှင့် တရားရေး အာဏာပိုင်အဖွဲ့အစည်းများ ထံသို့ လွှဲပြောင်းခြင်းနှင့် ထံမှ အရေးယူဆောင်ရွက်ခြင်း....... 66

34 *CFR* §300.535 ....... 66

မှတ်တမ်း ဖြန့်ချီခြင်း....... 66

ပြည်သူ့ကုန်ကျစရိတ်ဖြင့် ပုဂ္ဂလိကကျောင်းများတွင် ကလေးများ၏ မိဘများ တစ်ဖက်သတ်ကျသော နေရာချထားပေးမှုအတွက် လိုအပ်ချက်များ....... 67

အထွေထွေ ........ 67
34 *CFR* §300.148 ........ 67
ပုဂ္ဂလိကကျောင်းတွင် နေရာချထားမှုအတွက် ငွေပြန်ထုတ်ယူခြင်း ........ 67
ငွေပြန်အမ်းမှုအတွက် ကန့်သတ်ချက် ........ 67
အရွယ်ရောက်ချိန်တွင် မိဘ၏ အခွင့်အာဏာများကို လွှဲပြောင်းခြင်း ........ 68
34 *CFR* §300.520 ........ 68
ပူးတွဲ က - ပြည်ထောင်စု အဓိပ္ပါယ်ဖွင့်ဆိုချက်များ ........ 70
ပြင်းထန်စွာ ခန္ဓာကိုယ်အား ဒဏ်ရာဖြစ်စေမှု ........ 70
18 *USC* 1365(*h*) ........ 70
လက်နက် ........ 70

# လုပ်ငန်းစဉ်ဆိုင်ရာ အကာအကွယ်များ အသိပေးချက်

## အထွေထွေ သတင်းအချက်အလက်

### ကြိုတင်ရေးသားထားသော အသိပေးချက်

**34 *CFR* §300.503**

**အသိပေးချက်**

သင့်ကျောင်းခရိုင် (ဤအသိပေးချက်တွင် အသုံးပြုထားသော "ကျောင်းခရိုင် (*school district*)" အသုံးအနှုန်းတွင် အများပြည်သူကျောင်း အကယ်ဒမီတစ်ခု ပါဝင်ပါသည်) က အောက်ပါအခြေအနေများတွင် စာဖြင့်ရေးသားထားသော အသိပေးချက် (အချို့သော သတင်းအချက်အလက်ကို သင့်အား စာဖြင့်ရေးသား၍ပေးခြင်း) ကို သင့်အား ပေးရပါမည် -

1. သင့်ကလေး၏ မည်သူမှဖြစ်ကြောင်း ဖော်ပြချက်၊ အကဲဖြတ်ခြင်း သို့မဟုတ် ပညာရေးဆိုင်ရာ နေရာချထားမှု၊ သို့မဟုတ် သင့်ကလေးအတွက် သင့်လျော်သော အခမဲ့ဖြစ်သည့် အများပြည်သူ ပညာရေး [*Free Appropriate Public Education* (*FAPE*)] ပြဋ္ဌာန်းချက်ကို စတင်ဆောင်ရွက်ရန် သို့မဟုတ် ပြောင်းလဲရန် ရည်ရွယ်ချက်များအတွက် သို့မဟုတ်
2. သင့်ကလေး၏ မည်သူမှဖြစ်ကြောင်း ဖော်ပြချက်၊ အကဲဖြတ်ခြင်း သို့မဟုတ် ပညာရေးဆိုင်ရာ နေရာချထားမှု၊ သို့မဟုတ် သင့်ကလေးအတွက် *FAPE* ပြဋ္ဌာန်းချက်ကို စတင်ဆောင်ရွက်ရန် သို့မဟုတ် ပြောင်းလဲရန် ငြင်းဆန်ခြင်းအတွက်။

**အသိပေးချက်၏ အကြောင်းအရာ**

စာဖြင့်ရေးသားထားသော အသိပေးချက်တွင် -

1. သင့်ကျောင်းခရိုင်က လုပ်ဆောင်ရန် အဆိုပြုသော သို့မဟုတ် ငြင်းဆန်သော လုပ်ဆောင်ချက်ကို ရှင်းပြရပါမည်။
2. သင့်ကျောင်းခရိုင်က အဘယ်ကြောင့် လုပ်ဆောင်မှုကို အဆိုပြုသည် သို့မဟုတ် ငြင်းဆန်သည်ကို ရှင်းပြရပါမည်။
3. သင့်ကျောင်းခရိုင်က လုပ်ဆောင်မှုကို အဆိုပြုရန် သို့မဟုတ် ငြင်းဆန်ရန် ဆုံးဖြတ်ရာတွင် အသုံးပြုခဲ့သော အကဲဖြတ်ခြင်း လုပ်ငန်းစဉ်၊ စစ်ဆေးခြင်း၊ မှတ်တမ်းတင်ခြင်း သို့မဟုတ် အစီရင်ခံခြင်း တစ်ခုစီကို ရှင်းပြရပါမည်။

4. *IDEA* ၏ အပိုင်း ခ ပါ လုပ်ငန်းစဉ်ဆိုင်ရာ အကာအကွယ်များ ပြဋ္ဌာန်းချက်များအရ သင့်တွင် အကာအကွယ်များရှိကြောင်း ရှင်းလင်းဖော်ပြချက် ပါဝင်ရပါမည်။
5. အကယ်၍ သင့်ကျောင်းခရိုင်က အဆိုပြုခြင်း သို့မဟုတ် ငြင်းဆန်ခြင်းသည် အကဲဖြတ်ရန်အတွက် ကနဦးလွှဲပေးခြင်း မဟုတ်ပါက လုပ်ငန်းစဉ်ဆိုင်ရာ အကာအကွယ်များအကြောင်း ရှင်းလင်းချက်ကို သင်မည်သို့ ရယူရမည်ကို ပြောရပါမည်။
6. *IDEA* ၏ အပိုင်း ခ ကို နားလည်အောင် ပြုလုပ်ရာတွင် အကူအညီလိုအပ်ပါက သင်ဆက်သွယ်နိုင်မည့် ရင်းမြစ်များ ပါဝင်ရပါမည်။
7. သင့်ကလေး၏ တစ်ဦးချင်းအလိုက် ပညာရေးအစီအစဉ် [*Individualized Education Program* (*IEP*)] အဖွဲ့မှ စဉ်းစားထားသော အခြားမည်သည့် ရွေးချယ်မှုမဆိုနှင့် ယင်းရွေးချယ်မှုများအား ငြင်းဆန်ရသည့် အကြောင်းရင်းများကို ရှင်းပြရမည်။ ထို့အပြင်
8. အဘယ်ကြောင့် သင့်ကျောင်းခရိုင်က လုပ်ဆောင်မှုကို အဆိုပြုသည် သို့မဟုတ် ငြင်းဆန်သည်အတွက် အခြားအကြောင်းပြချက်များကို ဖော်ပြခြင်း ပါဝင်ရပါမည်။

**အသိပေးချက်တွင် ပါဝင်သည့်အတိုင်း တစ်ဦးချင်းအလိုက် ပညာရေး အစီအစဉ်ကို အသုံးပြုခြင်း**

မိဘများရရှိသော စာရွက်စာတမ်းများသည် §300.503 ပါ လိုအပ်ချက်များ အားလုံးနှင့် ပြည့်စုံနေသရွေ့ ပြည်သူပိုင်အေဂျင်စီတစ်ခုသည် *IEP* ကို ကြိုတင်စာဖြင့်ရေးသား အသိပေးချက်၏ အစိတ်အပိုင်းအဖြစ် အသုံး၍ရနိုင်ပါသည်။

**နားလည်နိုင်သော ဘာသာစကားဖြင့် အသိပေးချက်**

အသိပေးချက်ကို -

1. သာမန် အများပြည်သူ နားလည်နိုင်သော ဘာသာစကားဖြင့် ရေးသားရမည်ဖြစ်ပြီး
2. မလုပ်ဆောင်နိုင်ကြောင်း သေချာသော အခြေအနေမှလွဲ၍ သင့်မိခင်ဘာသာစကား သို့မဟုတ် သင်အသုံးပြုသော ဆက်သွယ်သည့်ပုံစံဖြင့် ပေးရမည် ဖြစ်ပါသည်။

သင့်မိခင်ဘာသာစကား သို့မဟုတ် အခြားဆက်သွယ်သည့်ပုံစံသည် ရေးသားနိုင်သော ဘာသာစကားတစ်ခု မဟုတ်ပါက သင့်ကျောင်းခရိုင်သည် အောက်ပါတို့ကို သေချာစေရန် ပြုလုပ်ရပါမည် -

1. အသိပေးချက်ကို သင့်မိခင်ဘာသာစကား သို့မဟုတ် အခြားဆက်သွယ်သည့် ပုံစံအဖြစ် အခြားနည်းများကိုသုံးကာ နှုတ်အားဖြင့် သင့်အတွက် ဘာသာပြန်ပေးရပါမည်။
2. အသိပေးချက်ပါ အကြောင်းအရာကို သင်နားလည်စေရပါမည်။ ထို့အပြင်
3. အချက် ၁ နှင့် ၂ တို့ ပြည့်စုံကြောင်း စာဖြင့်ရေးသား သက်သေခံချက် ရှိရပါမည်။

## မိခင်ဘာသာစကား

**34 *CFR* §300.29**

အင်္ဂလိပ်စကား ကျွမ်းကျင်မှု အကန့်အသတ်ရှိသော သူတစ်ဦးနှင့် အသုံးပြုရာတွင်
မိခင်ဘာသာစကားဆိုသည်မှာ အောက်ပါကို ဆိုလိုပါသည် -

1. အဆိုပါ ပုဂ္ဂိုလ်က ပုံမှန်အားဖြင့် အသုံးပြုသော ဘာသာစကား သို့မဟုတ် ကလေးဖြစ်ပါက ကလေး၏ မိဘများက ပုံမှန်အားဖြင့် အသုံးပြုသော ဘာသာစကား။
2. (ကလေးအား အကဲဖြတ်ခြင်း အပါအဝင်) ကလေးတစ်ယောက်နှင့် တိုက်ရိုက်ဆက်ဆံမှုများ အားလုံးတွင် အိမ်၌ သို့မဟုတ် သင်ယူသည့် ပတ်ဝန်းကျင်၌ ပုံမှန်အားဖြင့် ကလေးအသုံးပြုသော ဘာသာစကား။

နားမကြားသူ သို့မဟုတ် မျက်စိမမြင်သူ တစ်ဦးအတွက် သို့မဟုတ် ရေးသားနိုင်သော ဘာသာစကား မရှိသူတစ်ဦးအတွက် ဆက်သွယ်သည့်ပုံစံသည် (အချက်ပြဘာသာစကား၊ မျက်မမြင်စာ သို့မဟုတ် နှုတ်ဖြင့် ဆက်သွယ်ပြောဆိုခြင်းတို့ ကဲ့သို့သော) ယင်းပုဂ္ဂိုလ် ပုံမှန်အားဖြင့် အသုံးပြုသောအရာ ဖြစ်ရပါမည်။

## အီးလက်ထရောနစ်မေးလ်

**34 *CFR* §300.505**

သင့်ကျောင်းခရိုင်သည် စာရွက်စာတမ်းများကို အီးမေးလ်ဖြင့် လက်ခံရယူရန် မိဘများအား ရွေးချယ်ခွင့်ပေးပါက သင်သည် အောက်ပါတို့ကို အီးမေးလ်ဖြင့် လက်ခံရယူရန် ရွေးချယ်နိုင်ပါသည် -

1. ကြိုတင်စာဖြင့်ရေးသား အသိပေးချက်။
2. လုပ်ငန်းစဉ်ဆိုင်ရာ အကာအကွယ်များ သတိပေးချက်နှင့်
3. တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားမှုတစ်ခုနှင့် စပ်လျဉ်းသော အသိပေးချက်များ။

## မိဘခွင့်ပြုချက် - အဓိပ္ပါယ်ဖွင့်ဆိုချက်

**34 *CFR* §300.9**

### ခွင့်ပြုချက်

ခွင့်ပြုချက် ဆိုသည်မှာ -

1. သင်ခွင့်ပြုချက်ပေးမည့် လုပ်ဆောင်ချက်အကြောင်း သတင်းအချက်အလက် အားလုံးကို သင့်မိခင်ဘာသာစကား သို့မဟုတ် (အချက်ပြဘာသာစကား၊ မျက်မမြင်စာ သို့မဟုတ်

နှုတ်ဖြင့်ဆက်သွယ်ပြောဆိုခြင်းတို့ ကဲ့သို့သော) အခြားဆက်သွယ်သည့် ပုံစံဖြင့် သင့်အား အပြည့်အစုံ အသိပေးရပါမည်။

2. အဆိုပါ လုပ်ဆောင်မှုနှင့် ယင်းလုပ်ဆောင်မှုကို ရှင်းပြသည့် ခွင့်ပြုချက်တို့ကို သင်နားလည်ကာ သဘောတူကြောင်း စာဖြင့်ရေးသားပြီး ထုတ်ပြန်မည့် မှတ်တမ်းများ (ရှိလျှင်) နှင့် မည်သူ့ထံသို့ ထုတ်ပြန်မည်ကို ဖော်ပြထားရပါမည်။ ထို့အပြင်
3. ခွင့်ပြုချက်သည် သင့်ဖက်တွင် ဆန္ဒအလျောက်ဖြစ်ကာ သင့်ခွင့်ပြုချက်အား မည်သည့်အချိန်တွင်မဆို ရုပ်သိမ်းနိုင်ကြောင်း သင်နားလည်ပါသည်။

ခွင့်ပြုချက်အား သင်ရုပ်သိမ်းခြင်းကြောင့် သင်ခွင့်ပြုချက် ပေးခဲ့ပြီးနောက်ပိုင်းနှင့် ယင်းအား ပြန်မရုပ်သိမ်းမီအတွင်း ဖြစ်ပွားခဲ့သော လုပ်ဆောင်မှုတစ်ခုကို အချည်းနှီး (ပြန်ပြင်) ဖြစ်စေမည် မဟုတ်ပါ။

## မိဘခွင့်ပြုချက်

**34 *CFR* §300.300**

### ကနဦး အကဲဖြတ်ခြင်းအား ခွင့်ပြုချက်

သင့်ကျောင်းခရိုင်သည် အဆိုပြုသော လုပ်ဆောင်မှုအတွက် ကြိုတင်စာဖြင့်ရေးသား အသိပေးချက်ကို သင့်အားပေးထားခြင်း မရှိဘဲနှင့် ခေါင်းစဉ် **မိဘခွင့်ပြုချက် — အဓိပ္ပါယ်ဖွင့်ဆိုချက်**။ တွင် ဖော်ပြထားသည့်အတိုင်း သင့်ခွင့်ပြုချက်ကို ရယူခြင်းမရှိဘဲ သင့်ကလေးသည် *IDEA* ၏ အပိုင်း ခ အရ အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများကို ရရှိရန် သင့်လျော်ခြင်းရှိမရှိကို ဆုံးဖြတ်ရန်အတွက် သင့်ကလေးအား ကနဦး အကဲဖြတ်မှုတစ်ခုကို မပြုလုပ်နိုင်ပါ။

သင့်ကလေးသည် မသန်စွမ်းမှုရှိသော ကလေးတစ်ဦး ဟုတ်မဟုတ်ကို ဆုံးဖြတ်ရန်အတွက် ကနဦး အကဲဖြတ်မှုကို ပြုလုပ်နိုင်ရန် ကျောင်းခရိုင်သည် သင့်ထံမှ အကျိုးအကြောင်း သိရှိခွင့်ပြုချက်ကို ရယူရန် သင့်လျော်သော ကြိုးပမ်းမှုများကို ပြုလုပ်ရပါမည်။

ကနဦး အကဲဖြတ်မှုအတွက် သင့်ခွင့်ပြုချက်သည် ကျောင်းခရိုင်က သင့်ကလေးအား အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများကို စတင်ပေးရန် ခွင့်ပြုကြောင်း ဆိုလိုခြင်း *မဟုတ်ပါ*။

သင့်ကလေးအား အများပြည်သူကျောင်းတစ်ကျောင်းတွင် အပ်ထားခြင်း သို့မဟုတ် သင့်ကလေးအား အများပြည်သူ ကျောင်းတစ်ကျောင်းတွင် အပ်ရန်ရှာဖွေနေဆဲဖြစ်ကာ ကနဦး အကဲဖြတ်မှုအတွက် ခွင့်ပြုချက်ပေးရန် ငြင်းဆန်ထားပါက သို့မဟုတ် ခွင့်ပြုချက်ပေးရန် တောင်းဆိုမှုကို တုံ့ပြန်ရန် ပျက်ကွက်ပါက သင့်ကျောင်းခရိုင်သည် ပြုလုပ်ရန် မလိုအပ်သည့်တိုင် အက်ဥပဒေ၏ ကြားဝင်စေ့စပ်ပေးခြင်း သို့မဟုတ်

တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်၊ ဆုံးဖြတ်ချက်ချရန် အစည်းအဝေးနှင့် ဘက်မလိုက်သော တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြားနာခြင်း လုပ်ငန်းစဉ်များကို အသုံးပြုခြင်းဖြင့် သင့်ကလေးအား ကနဦး အကဲဖြတ်ခြင်းကို ဆောင်ရွက်ခြင်း ရှိနိုင်ပါသည်။ ယင်းအခြေအနေများတွင် သင့်ကလေး၏ အကဲဖြတ်မှုကို ဆက်လက်မဆောင်ရွက်လျှင် သင့်ကျောင်းခရိုင်သည် သင့်ကလေးအား ရှာဖွေရန်၊ မည်သူဖြစ်ကြောင်း ဖော်ထုတ်ရန်နှင့် အကဲဖြတ်ရန် ယင်း၏ တာဝန်ရှိမှုများကို ချိုးဖောက်မည် မဟုတ်ပါ။

**အစိုးရက စောင့်ရှောက်ထားသော ကလေးများအတွက် ကနဦး အကဲဖြတ်ခြင်း ပြုလုပ်ရန် အထူးစည်းကမ်းများ**

သင့်ကလေးသည် အစိုးရက စောင့်ရှောက်ထားသော ကလေးတစ်ဦးဖြစ်ပြီး သူ/သူမ၏ မိဘနှင့်အတူ နေထိုင်ခြင်း မဟုတ်ပါက -

အောက်ပါအခြေအနေများတွင် သင့်ကလေးသည် မသန်စွမ်းမှုရှိသော ကလေးတစ်ဦး ဟုတ်မဟုတ်ကို ဆုံးဖြတ်ရန်အတွက် ကနဦးအကဲဖြတ်ရန် ကျောင်းခရိုင်သည် မိဘထံမှ ခွင့်ပြုချက်ကို မလိုအပ်ပါ -

1. ခွင့်ပြုချက်ရရှိရန် သင့်လျော်စွာ ကြိုးပမ်းမှုများ ရှိသော်လည်း ကျောင်းခရိုင်သည် ကလေး၏ မိဘကို ရှာမတွေ့လျှင်။
2. ပြည်နယ်ဥပဒေအရ မိဘများ၏ အခွင့်အရေးများ အဆုံးသတ်သွားလျှင်။ သို့မဟုတ်
3. ကလေးအား အထွေထွေ စောင့်ရှောက်ရန်အတွက် တာဝန်ရှိသော တရားသူကြီး သို့မဟုတ် ပြည်သူပိုင်အေဂျင်စီတစ်ခုက မိဘမဟုတ်သော အခြားသူတစ်ဦးအား ပညာရေးဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် ကနဦး အကဲဖြတ်မှုအတွက် ခွင့်ပြုချက်ကို ပေးပိုင်ခွင့်အား ပေးအပ်ထားလျှင်။

*IDEA* တွင် အသုံးပြုထားသော *အစိုးရက စောင့်ရှောက်ထားသောကလေး* ဆိုသည်မှာ -

1. ကလေး၏ ကိစ္စအား တရားဝင်ကြီးကြပ်သော တရားသူကြီးတစ်ဦး သို့မဟုတ် ကလေးအား အထွေထွေ စောင့်ရှောက်မှုအတွက် တာဝန်ရှိသော ပြည်သူပိုင်အေဂျင်စီတစ်ခုက ကလေး၏ ကိုယ်စား ပညာရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို ချမှတ်ပိုင်ခွင့်အား ကလေး၏ မွေးစားမိဘများအား ပေးအပ်ထားသည်မှလွဲ၍ မွေးစားကလေးတစ်ဦး။
2. ပြည်နယ်ဥပဒေအရ အစိုးရက စောင့်ရှောက်ထားသော ကလေးအဖြစ် သတ်မှတ်ထားသောကလေး။
3. ပြည်နယ်ဥပဒေအရ တရားရုံးက စောင့်ရှောက်ထားသော ကလေးအဖြစ် သတ်မှတ်ထားသောကလေး။ သို့မဟုတ်
4. အများပြည်သူ ကလေး သက်သာချောင်ချိမှု အေဂျင်စီတစ်ခု၏ အကာအကွယ်အောက်တွင် ရှိနေသောကလေးကို ဆိုလိုပါသည်။

## ဝန်ဆောင်မှုများအတွက် မိဘခွင့်ပြုချက်

သင့်ကလေးအား ပထမဆုံးအကြိမ်အဖြစ် အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများကို မပေးမီတွင် သင့်ကျောင်းခရိုင်သည် သင့်ထံမှ ကြိုတင်အသိပေးထားသော ခွင့်ပြုချက်ကို ရယူရမည်ဖြစ်ပြီး ယင်းကြိုတင်အသိပေးထားသော ခွင့်ပြုချက်ကို ရယူရန် သင့်လျော်သော ကြိုးပမ်းမှုများကို ပြုလုပ်ရမည် ဖြစ်ပါသည်။

သင့်ကလေးအတွက် ပထမဆုံး အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများကို ရရှိရန် သင့်ခွင့်ပြုချက်အား တောင်းခံမှုကို တုံ့ပြန်ခြင်းမရှိပါက သို့မဟုတ် ယင်းခွင့်ပြုချက်ကိုပေးရန် သင်ကငြင်းဆန်ပါက သင့်ခွင့်ပြုချက်မရှိဘဲ သင့်ကလေးအား (သင့်ကလေး၏ *IEP* အဖွဲ့မှ တိုက်တွန်းထားသော) အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများကိုပေးရန် သဘောတူညီမှု သို့မဟုတ် စည်းကမ်းသတ်မှတ်ချက်ကို ရရှိစေသည့် လုပ်ငန်းစဉ်ဆိုင်ရာ အကာအကွယ်များ (ဥပမာ ကြားဝင်စေ့စပ်ခြင်း၊ တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်၊ ဆုံးဖြတ်ချက်ချသည့် အစည်းအဝေး သို့မဟုတ် ဘက်မလိုက်သော တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြားနာခြင်း) ကို အသုံးမပြုခြင်း ရှိနိုင်ပါသည်။

သင့်ကလေးအတွက် ပထမဆုံးအကြိမ်အဖြစ် အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများကို ရရှိစေရန် သင့်ခွင့်ပြုချက်ကို ပေးရန်ငြင်းဆန်ပါက သို့မဟုတ် ယင်းခွင့်ပြုချက်ကိုပေးရန် တောင်းဆိုမှုကို သင်က မတုံ့ပြန်ဘဲ ခွင့်ပြုချက်လိုအပ်သည့် အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများကို သင့်ကလေးအတွက် ကျောင်းခရိုင်က မပေးပါက သင့်ကျောင်းခရိုင်သည် -

1. သင့်ကလေးအတွက် အဆိုပါ ဝန်ဆောင်မှုများအား ပေးရန်ပျက်ကွက်ခြင်းမှာ သင့်ကလေးအတွက် ရရှိနိုင်သော *FAPE* တစ်ခုကို ပြုလုပ်ရန် လိုအပ်ချက်ကို ချိုးဖောက်ခြင်း မဟုတ်ပါ။ ထို့အတူ
2. သင့်ခွင့်ပြုချက်ကို တောင်းခံခဲ့သော အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများကိုပေးရန် သင့်ကလေးအတွက် *IEP* အစည်းအဝေးတစ်ခုကို ပြုလုပ်ရန် သို့မဟုတ် *IEP* တစ်ခုကို ဖော်ဆောင်ရန် မလိုအပ်ပါ။

## မိဘခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်းခြင်း

သင့်ကလေးအတွက် အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများကိုပေးရန် ကျောင်းခရိုင်အား သင့်ခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်း (ပြန်လည်ရယူ) ကြောင်း ကျောင်းခရိုင်သို့ သင်က စာဖြင့်ရေးသား အသိပေးပါက ကျောင်းခရိုင်သည် -

1. သင့်ကလေးအတွက် အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများကို ဆက်၍မပေးတော့ခြင်း ရှိနိုင်ပါသည်။
2. သင်စာဖြင့် ရေးသားထားသော သဘောတူညီချက်အား ရုပ်သိမ်းခြင်းကို လက်ခံရရှိခြင်းကြောင့် အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများအား ဆက်မပေးတော့ရန် ယင်းတို့၏ အဆိုပြုမှုကို

*IDEA* စည်းမျဉ်းများ၏ §300.503 နှင့်အညီ အချိန်မီ ကြိုတင်၍ သင့်ထံ စာဖြင့်ရေးသား အသိပေးခြင်းကို ပြုလုပ်ရပါမည်။

3. သင့်ကလေးအတွက် ဝန်ဆောင်မှုများကို ရစေနိုင်သည့် သဘောတူညီချက် သို့မဟုတ် စည်းကမ်းသတ်မှတ်ချက်ကို ရရှိရန်အတွက် တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ လုပ်ငန်းစဉ်များ (ဥပမာ ကြားဝင်စေ့စပ်ပေးခြင်း၊ ဖြေရှင်းချက် အစည်းအဝေး သို့မဟုတ် ဘက်မလိုက်သော တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြားနာခြင်း) ကို အသုံးမပြုခြင်း ရှိနိုင်ပါသည်။
4. သင့်ကလေးအတွက် အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများအား ဆက်လက်ပေးရန် ယင်း၏ ပျက်ကွက်မှုမှာ သင့်ကလေးအတွက် ရရှိနိုင်သော *FAPE* ကို ပြုလုပ်ရန် လိုအပ်ချက်ကို ချိုးဖောက်ခြင်း မဟုတ်ပါ။
5. သင့်ကလေးအတွက် နောက်ထပ် အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများကို သတ်မှတ်ရန်အတွက် *IEP* အစည်းအဝေးတစ်ခု ပြုလုပ်ရန် သို့မဟုတ် *IEP* တစ်ခုကို ဖော်ဆောင်ရန် မလိုအပ်ပါ။
6. သဘောတူညီချက်အား ရုပ်သိမ်းခြင်းကြောင့် အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများအား သင့်ကလေးရရှိကြောင်း မည်သည့်ရည်ညွှန်းချက်မဆိုကို သင့်ကလေး၏ ပညာရေးမှတ်တမ်းမှ ဖယ်ထုတ်ခြင်းဖြင့် ပြင်ဆင်ရန် မလိုအပ်ပါ။

**ပြန်လည်အကဲဖြတ်ခြင်းအတွက် မိဘခွင့်ပြုချက်**

အောက်ပါအခြေအနေများကို သင့်ကျောင်းခရိုင်က ပြနိုင်သည်မှလွဲ၍ သင့်ကျောင်းခရိုင်သည် သင့်ကလေးအား ပြန်လည်အကဲဖြတ်ခြင်း မပြုမီတွင် သင့်ထံမှ အကျိုးအကြောင်းသိရှိ ခွင့်ပြုချက်ကို ရယူရမည် ဖြစ်ပါသည် -

1. သင့်ကလေးအား ပြန်လည်အကဲဖြတ်ခြင်းအတွက် သင့်ခွင့်ပြုချက်ကို ရယူရန် သင့်လျော်သော အဆင့်များကို လုပ်ဆောင်ခဲ့ခြင်းနှင့်
2. သင်က တုံ့ပြန်မှု မရှိခဲ့ခြင်း။

သင့်ကလေးအား ပြန်လည် အကဲဖြတ်ခြင်းအတွက် ခွင့်ပြုချက်ပေးရန် သင်ကငြင်းဆန်ခဲ့ပါက ကျောင်းခရိုင်အနေဖြင့် ယင်းသို့ပြုလုပ်ရန် မလိုအပ်သည့်တိုင် သင့်ကလေးအား ပြန်လည်အကဲဖြတ်မှုအတွက် ခွင့်ပြုချက်ပေးရန် ငြင်းဆန်မှုကို လွှမ်းမိုးနိုင်သည့် ကြားဝင်စေ့စပ်ပေးခြင်း၊ တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်၊ ဖြေရှင်းချက် အစည်းအဝေးနှင့် ဘက်မလိုက်သော တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြားနာခြင်း လုပ်ငန်းစဉ်များကို အသုံးပြုခြင်းဖြင့် သင့်ကလေးအား ပြန်လည်အကဲဖြတ်မှုကို ဆက်လက်ဆောင်ရွက်ခြင်း ရှိနိုင်ပါသည်။ ကနဦးအကဲဖြတ်ခြင်းများတွင် ကဲ့သို့ပင် သင့်ကျောင်းခရိုင်သည် ဤပုံစံဖြင့် ပြန်လည်အကဲဖြတ်မှုကို

ဆက်လက်ဆောင်ရွက်ရန် ငြင်းဆန်ပါက ယင်းသည် *IDEA* ၏ အပိုင်း ခ အရ တာဝန်ရှိမှုများကို ချိုးဖောက်ခြင်း မဟုတ်ပါ။

**မိဘခွင့်ပြုချက်ရရှိရန် သင့်လျော်သော ကြိုးပမ်းမှုများ ပြုလုပ်ခဲ့ကြောင်း စာရွက်စာတမ်း**

သင့်ကျောင်းသည် ကနဦး အကဲဖြတ်ခြင်းများအတွက် မိဘခွင့်ပြုချက်ကို ရယူရန်၊ ပထမဆုံးအကြိမ်အဖြစ် အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများကိုပေးရန်၊ ပြန်လည်အကဲဖြတ်ရန်အတွက်နှင့် အစိုးရမှ စောင့်ရှောက်ထားသော ကလေးများအတွက် ကနဦး အကဲဖြတ်ခြင်းများကို ပြုလုပ်ရန်အတွက် မိဘများအား ရှာဖွေရန် သင့်လျော်သော ကြိုးပမ်းမှုများ လုပ်ဆောင်ခဲ့ကြောင်း စာရွက်စာတမ်းများကို ထိန်းသိမ်းထားရှိရမည် ဖြစ်ပါသည်။ စာရွက်စာတမ်းတွင် အောက်ပါအပိုင်းများ ကဲ့သို့သော နေရာများ၌ ကျောင်းခရိုင်၏ ကြိုးပမ်းမှုများ မှတ်တမ်းတစ်ခု ပါဝင်ရပါမည် -

1. ခေါ်ဆိုထားသော သို့မဟုတ် ဆက်သွယ်ရန် ကြိုးပမ်းထားသော ဖုန်းခေါ်ဆိုမှုများ၏ အသေးစိတ် မှတ်တမ်းများနှင့် ၎င်းတို့၏ ရလဒ်များ၊
2. မိဘများထံသို့ ပေးပို့ခဲ့သော စာများ၏ မိတ္တူများနှင့် ရရှိသော မည်သည့် တုံ့ပြန်ချက်များကိုမဆိုနှင့်
3. မိဘ၏အိမ် သို့မဟုတ် အလုပ်လုပ်ရာနေရာသို့ သွားရောက်ခဲ့ခြင်းများ၏ အသေးစိတ်မှတ်တမ်းများနှင့် ယင်းသွားရောက်ခဲ့ခြင်းများ၏ ရလဒ်များ။

**အခြားခွင့်ပြုချက် လိုအပ်မှုများ**

ကျောင်းခရိုင်သည် အောက်ပါတို့ကို မပြုလုပ်မီတွင် သင့်ခွင့်ပြုချက်ကို မလိုအပ်ပါ -

1. သင့်ကလေးအား အကဲဖြတ်ခြင်း သို့မဟုတ် ပြန်လည်အကဲဖြတ်ခြင်း၏ အစိတ်အပိုင်းအဖြစ် ရှိထားပြီးဖြစ်သော အချက်အလက်များကို ပြန်လည်သုံးသပ်ခြင်း သို့မဟုတ်
2. စစ်ဆေးမှုတစ်ခု သို့မဟုတ် အခြားအကဲဖြတ်မှုအား မပြုလုပ်မီတွင် ကလေးများအားလုံး၏ မိဘများအားလုံးထံမှ ခွင့်ပြုချက်ကို လိုအပ်သည်မှလွဲ၍ ကလေးများအားလုံးကိုပေးသော စစ်ဆေးမှု သို့မဟုတ် အခြားအကဲဖြတ်ခြင်းကို သင့်ကလေးအားပေးခြင်း။

သင့်ကျောင်းခရိုင်သည် ဝန်ဆောင်မှု သို့မဟုတ် လုပ်ဆောင်မှုတစ်ခုအား ခွင့်ပြုချက်ပေးရန် သင့်ငြင်းဆန်မှုကို သင် သို့မဟုတ် သင့်ကလေးအတွက် အခြားမည်သည့် ဝန်ဆောင်မှု၊ အကျိုးကျေးဇူး သို့မဟုတ် လုပ်ဆောင်မှုကိုမဆို ငြင်းပယ်ရန် အသုံးပြု၍ မရနိုင်ပါ။

သင့်ကလေးအား သင့်ကိုယ်ပိုင် ကုန်ကျစရိတ်ဖြင့် ပုဂ္ဂလိကကျောင်း တစ်ကျောင်းတွင် အပ်ထားကာ သို့မဟုတ် သင့်ကလေးအား အိမ်တွင်သာ သင်ကြားပေးခြင်းဖြစ်ကာ သင့်ကလေးအား ကနဦးအကဲဖြတ်ခြင်း သို့မဟုတ် ပြန်လည်အကဲဖြတ်ခြင်းအတွက် သင့်ခွင့်ပြုချက်ကို မပေးပါက သို့မဟုတ် သင့်ခွင့်ပြုချက်အား တောင်းခံမှုကို တုံ့ပြန်ရန် ပျက်ကွက်ပါက ကျောင်းခရိုင်သည် ခွင့်ပြုချက်ကို လွှမ်းမိုးသည့် လုပ်ငန်းစဉ်များ (ဥပမာ

ကြားဝင်စေ့စပ်ပေးခြင်း၊ တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်၊ ဖြေရှင်းချက် အစည်းအဝေး သို့မဟုတ် ဘက်မလိုက်သော တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြားနာခြင်း) ကို အသုံးမပြုနိုင်သလို သင့်ကလေးသည် မျှတသော ဝန်ဆောင်မှုများ (မိဘများက ပုဂ္ဂလိကကျောင်းတွင်ထားသော မသန်စွမ်းမှုရှိသည့် ကလေးများအတွက် ရရှိနိုင်သော ဝန်ဆောင်မှုများ) ကို ရရှိရန်သင့်လျော်သည်ဟု ယူဆရန် မလိုအပ်ပါ။

## သီးခြားဖြစ်သော ပညာရေးဆိုင်ရာ အကဲဖြတ်ခြင်းများ

**34 *CFR* §300.502**

### အထွေထွေ

အောက်တွင်ရှင်းပြထားသကဲ့သို့ သင်သည် သင့်ကျောင်းခရိုင်က ရယူခဲ့သော သင့်ကလေးအား အကဲဖြတ်ခြင်းကို သဘောမတူပါက သင့်ကလေးအား သီးခြားဖြစ်သော ပညာရေးဆိုင်ရာ အကဲဖြတ်ခြင်း [*Independent Educational Evaluation* (*IEE*)] တစ်ခုကို ရယူပိုင်ခွင့် ရှိပါသည်။

*IEE* တစ်ခုကို သင်ကတောင်းဆိုပါက ကျောင်းခရိုင်သည် *IEE* ကို သင်ရရှိနိုင်မည့်နေရာနှင့် *IEE* များနှင့် သက်ဆိုင်သော ကျောင်းခရိုင်၏ သတ်မှတ်ချက်များအကြောင်း သတင်းအချက်အလက်ကို သင့်အား ပေးရပါမည်။

### အဓိပ္ပါယ်ဖွင့်ဆိုချက်များ

*IEE* ဆိုသည်မှာ သင့်ကလေး၏ ပညာရေးအတွက် တာဝန်ရှိသော ကျောင်းခရိုင်က ခန့်အပ်ထားသူမဟုတ်သည့် အရည်အချင်း ပြည့်မီသော စမ်းသပ်စစ်ဆေးသူတစ်ဦးက ပြုလုပ်သော အကဲဖြတ်ခြင်းကို ဆိုလိုပါသည်။

အများပြည်သူ ကုန်ကျစရိတ်ဆိုသည်မှာ အက်ဥပဒေ၏ အပိုင်း ခ ပါ လိုအပ်ချက်များကို ပြည့်မီစေရန်အတွက် ပြည်နယ်တစ်ခုစီအား ရရှိနိုင်သော ပြည်နယ်၊ ဒေသဆိုင်ရာ၊ ဖက်ဒရယ်နှင့် ပုဂ္ဂလိက ပံ့ပိုးရေး ရင်းမြစ်များအား သုံးခွင့်ပြုသည့် *IDEA* ၏ အပိုင်း ခ ပြဋ္ဌာန်းချက်များနှင့်အညီ အကဲဖြတ်ခြင်းအတွက် ကုန်ကျစရိတ် အပြည့်အဝကို ကျောင်းခရိုင်က ပေးခြင်းဖြစ်စေ၊ သင့်အတွက် ကုန်ကျစရိတ် မရှိစေဘဲ အကဲဖြတ်ခြင်းကို တနည်းနည်းဖြင့် ပေးခြင်းဖြစ်စေကို ဆိုလိုပါသည်။

### အများပြည်သူ ကုန်ကျစရိတ်ဖြင့် အကဲဖြတ်ရန် မိဘအခွင့်အရေး

အောက်ပါအခြေအနေများတွင် သင့်ကျောင်းခရိုင်မှ သင့်ကလေးအတွက် ရရှိသော အကဲဖြတ်မှုကို သဘောမတူပါက အများပြည်သူ ကုန်ကျစရိတ်ဖြင့် သင့်ကလေး၏ *IEE* တစ်ခုကို တောင်းဆိုရန် သင့်တွင် အခွင့်အရေး ရှိပါသည် -

1. အများပြည်သူ ကုန်ကျစရိတ်ဖြင့် သင့်ကလေး၏ *IEE* တစ်ခုကို သင်က စာဖြင့်ရေးသားတောင်းဆိုခြင်းပြုလျှင် သင့်ကျောင်းခရိုင်သည် တောင်းဆိုမှုကို လက်ခံရရှိသည့်နေ့မှ ပြက္ခဒိန်ရက် ခုနစ်ရက်အတွင်း စာဖြင့်ရေးသား တုံ့ပြန်ရမည်ဖြစ်ပြီး ယင်းတွင် ကျောင်းခရိုင်အနေဖြင့် - (က) *IEE* ကို အများပြည်သူ ကုန်ကျစရိတ်ဖြင့်ပေးမည် သို့မဟုတ် (ခ) သင့်ကလေး၏ အကဲဖြတ်မှုသည် သင့်လျော်ကြောင်း ပြသရန်အတွက် ကြားနာမှုတစ်ခုကို တောင်းဆိုရန် တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်တစ်ခုအား ပြုလုပ်မည်ကို ဖော်ပြရပါမည်။
2. အကယ်၍ သင့်ကျောင်းခရိုင်သည် ကြားနာမှုတစ်ခုကို တောင်းဆိုပြီး အပြီးသတ်ဆုံးဖြတ်ချက်အရ သင့်ကလေးအတွက် သင့်ကျောင်းခရိုင်၏ အကဲဖြတ်မှုသည် သင့်လျော်သည်ဟု ဆုံးဖြတ်ပါက သင့်တွင် *IEE* တစ်ခု ရရှိရန် အခွင့်အရေးရှိနေဆဲ ဖြစ်သော်လည်း အများပြည်သူ ကုန်ကျစရိတ်ဖြင့် မရရှိနိုင်ပါ။
3. သင့်ကလေးအတွက် *IEE* တစ်ခုကို သင်တောင်းဆိုပါက သင့်ကလေးအတွက် သင့်ကျောင်းခရိုင်မှ ရရှိသည့် အကဲဖြတ်မှုအား သင်အဘယ်ကြောင့် ကန့်ကွက်သည်ကို မေးမြန်းခြင်း ရှိနိုင်ပါသည်။ သို့ရာတွင် ကျောင်းခရိုင် ရှင်းလင်းချက်ကို မလိုအပ်ခြင်း ရှိနိုင်သလို ကျောင်းခရိုင်က သင့်ကလေးအား အကဲဖြတ်မှုကို ခုခံကာကွယ်ရန်အတွက် အများပြည်သူ ကုန်ကျစရိတ်ဖြင့် သင့်ကလေးအား *IEE* ကို ပေးခြင်းကိုဖြစ်စေ၊ တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြားနာခြင်းတစ်ခုကို တောင်းဆိုရန်အတွက် တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက် တစ်ခုကို ပြုလုပ်ရာတွင်ဖြစ်စေ ကျိုးကြောင်းဆီလျော်မှုမရှိစွာ ကြန့်ကြာနေ၍ မရနိုင်ပါ။
4. သင်ရရှိသော *IEE* တစ်ခုသည် ကျောင်းခရိုင်၏ သတ်မှတ်ချက်များနှင့် မကိုက်ညီပါက ကျောင်းခရိုင်သည် တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်တစ်ခုကို ပြုလုပ်ခြင်း ရှိနိုင်ပါသည်။ ကြားနာမှု၏ အပြီးသတ် ဆုံးဖြတ်ချက်အရ အကဲဖြတ်ခြင်းသည် ကျောင်းခရိုင်၏ သတ်မှတ်ချက်များနှင့် မကိုက်ညီပါက သင့် *IEE* အတွက် အများပြည်သူ ကုန်ကျစရိတ်ဖြင့် ငွေပြန်ထုတ်ပေးရန် ငြင်းဆန်ခံရခြင်း ရှိနိုင်ပါသည်။

သင်သဘောမတူသော ကျောင်းခရိုင်က သင့်ကလေးအတွက် ပြုလုပ်သည့် အကဲဖြတ်ခြင်း တစ်ကြိမ်စီအတွက် အများပြည်သူ ကုန်ကျစရိတ်ဖြင့် သင့်ကလေး၏ *IEE* ကို တစ်ကြိမ်သာလျှင် ရရှိနိုင်မည် ဖြစ်ပါသည်။

**မိဘက စတင်ပြုလုပ်သော အကဲဖြတ်ခြင်းများ**

သင့်ကလေးအတွက် *IEE* တစ်ခုကို အများပြည်သူ ကုန်ကျစရိတ်ဖြင့် သင်ရရှိလျှင်ဖြစ်စေ၊ သင့်ကိုယ်ပိုင် ကုန်ကျစရိတ်ဖြင့် ရရှိသော သင့်ကလေးအတွက် အကဲဖြတ်မှုတစ်ခုကို ကျောင်းခရိုင်နှင့် မျှဝေလျှင်ဖြစ်စေ -

1. *IEE* များသည် ကျောင်းခရိုင်၏ သတ်မှတ်ချက်များနှင့် ပြည့်စုံပါက သင့်ကလေးအတွက် *FAPE* တစ်ခု၏ ပြဌာန်းချက်နှင့် ပတ်သက်၍ ပြုလုပ်သော မည်သည့်ဆုံးဖြတ်ချက်တွင်မဆို သင့်ကျောင်းခရိုင်သည် သင့်ကလေး၏ အကဲဖြတ်မှု ရလဒ်များကို ထည့်သွင်းစဉ်းစားရပါမည်။
2. သင် သို့မဟုတ် သင့်ကျောင်းခရိုင်သည် သင့်ကလေးနှင့်ပတ်သက်၍ တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြားနာခြင်းတစ်ခုတွင် အကဲဖြတ်မှုကို သက်သေခံအဖြစ် တင်ပြနိုင်ပါသည်။

**စီမံအုပ်ချုပ်ရေး ဥပဒေ တရားသူကြီးတစ်ဦးမှ အကဲဖြတ်ခြင်းများကို တောင်းဆိုခြင်းများ**

အကယ်၍ စီမံအုပ်ချုပ်ရေး ဥပဒေ တရားသူကြီး [*Administrative Law Judge* (*ALJ*)] တစ်ဦးက တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြားနာခြင်းတစ်ခု၏ အစိတ်အပိုင်းအဖြစ် သင့်ကလေး၏ *IEE* တစ်ခုကို တောင်းဆိုပါက အကဲဖြတ်ခြင်းအတွက် ကုန်ကျစရိတ်သည် အများပြည်သူ ကုန်ကျစရိတ်ဖြင့် ဖြစ်ရပါမည်။

**ကျောင်းခရိုင် သတ်မှတ်ချက်များ**

*IEE* သည် အများပြည်သူ ကုန်ကျစရိတ်ဖြင့် ဖြစ်ပါက အကဲဖြတ်မှု၏ တည်နေရာနှင့် စမ်းသပ်စစ်ဆေးသူ၏ အရည်အချင်းများ အပါအဝင် အကဲဖြတ်မှုကို ရရှိခဲ့သည့် သတ်မှတ်ချက်များသည် အကဲဖြတ်မှုကို စတင်ပြုလုပ်ရန် သင့်ကျောင်းခရိုင်က အသုံးပြုသော သတ်မှတ်ချက်များ (ယင်းသတ်မှတ်ချက်များသည် သင့် *IEE* တစ်ခု ရပိုင်ခွင့်နှင့် ကိုက်ညီသော အတိုင်းအတာအထိ) တူညီရမည် ဖြစ်ပါသည်။

အထက်တွင် ရှင်းပြထားသော သတ်မှတ်ချက်များမှလွဲ၍ ကျောင်းခရိုင်တစ်ခုသည် *IEE* တစ်ခုကို အများပြည်သူ ကုန်ကျစရိတ်ဖြင့် ရယူခြင်းနှင့် စပ်လျဉ်း၍ စည်းကမ်းချက်များ သို့မဟုတ် အချိန်သတ်မှတ်ချက်များကို မပြုလုပ်ရပါ။

## သတင်းအချက်အလက်အား လျှို့ဝှက်ထားရှိမှု

### အဓိပ္ပါယ်ဖွင့်ဆိုချက်များ

**34 *CFR* §300.611**

ခေါင်းစဉ် **သတင်းအချက်အလက်အား လျှို့ဝှက်ထားရှိမှု** တွင် အသုံးပြုထားသည့်အတိုင်း -

- *ဖျက်ဆီးခြင်း* ဆိုသည်မှာ သတင်းအချက်အလက်သည် မည်သူနှင့် သက်ဆိုင်ကြောင်း ဖော်ထုတ်၍ မရနိုင်တော့စေရန် ရုပ်ပိုင်းဆိုင်ရာအရ ဖျက်ဆီးခြင်း သို့မဟုတ် မည်သူဖြစ်ကြောင်း သိရှိနိုင်စေသော အချက်များကို သတင်းအချက်အလက်မှ ဖယ်ရှားခြင်းကို ဆိုလိုပါသည်။

- *ပညာရေးမှတ်တမ်းများ* ဆိုသည်မှာ (၁၉၇၄ မိသားစု ပညာရေးဆိုင်ရာ အခွင့်အရေးများနှင့် ကိုယ်ရေးလုံခြုံမှု အက်ဥပဒေ [*Family Educational Rights and Privacy Act* (*FERPA*)] 20 *U.S.C.* [*United States Code* – အမေရိကန် ပြည်ထောင်စု ဥပဒေ] 1232g ကိုဖော်ဆောင်သော စည်းမျဉ်းများဖြစ်သည့်) 34 *CFR* အပိုင်း 99 ပါ "ပညာရေးမှတ်တမ်းများ" ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်အရ အကျုံးဝင်သော မှတ်တမ်းအမျိုးအစားများကို ဆိုလိုပါသည်။ *FERPA* အရ ပညာရေးအေဂျင်စီတစ်ခု သို့မဟုတ် အေဂျင်စီအတွက် လုပ်ဆောင်သော အဖွဲ့အစည်းတစ်ခုမှ ထိန်းသိမ်းထားပြီး ကျောင်းသားကျောင်းသူတစ်ဦးနှင့် တိုက်ရိုက်သက်ဆိုင်သော မှတ်တမ်းများကို "ပညာရေးမှတ်တမ်းများ" ဟု သတ်မှတ်ပါသည်။
- *ပါဝင်ဆောင်ရွက်သော အေဂျင်စီ* ဆိုသည်မှာ မည်သူဖြစ်ကြောင်း သိရှိနိုင်သော သတင်းအချက်အလက်ကို ရယူ၊ ထိန်းသိမ်း သို့မဟုတ် အသုံးပြုသော သို့မဟုတ် *IDEA* ၏ အပိုင်း ခ အရ သတင်းအချက်အလက်ကို ရရှိခဲ့သော မည်သည့်ကျောင်းခရိုင်၊ အေဂျင်စီ သို့မဟုတ် အဖွဲ့အစည်းကိုမဆို ဆိုလိုပါသည်။

## မည်သူဖြစ်ကြောင်း သိရှိနိုင်သော သတင်းအချက်အလက်

34 *CFR* §300.32

*မည်သူဖြစ်ကြောင်း သိရှိနိုင်စေသော* ဆိုသည်မှာ အောက်ပါတို့ ပါဝင်သော သတင်းအချက်အလက်ကို ဆိုလိုပါသည် -

a. သင့်ကလေး၏အမည်၊ မိဘအဖြစ် သင့်အမည် သို့မဟုတ် အခြားမိသားစုဝင်၏အမည်၊
b. သင့်ကလေး၏ လိပ်စာ၊
c. သင့်ကလေး၏ လူမှုဖူလုံရေးနံပါတ် သို့မဟုတ် ကျောင်းနံပါတ်တို့ ကဲ့သို့သော မည်သူဖြစ်ကြောင်း သိရှိစေနိုင်သည့်အရာ သို့မဟုတ်
d. ကျိုးကြောင်းဆီလျော်စွာဖြင့် သင့်ကလေးအား မည်သူဖြစ်ကြောင်း သိရှိနိုင်စေမည်ဖြစ်သော ကိုယ်ရေးကိုယ်တာ ဖော်ပြချက်များ သို့မဟုတ် အခြားသတင်းအချက်အလက်စာရင်း။

## မိဘများအား အသိပေးခြင်း

34 *CFR* §300.612

မီချီဂန် ပညာရေးဌာန [*Michigan Departent of Education* (*MDE*)] သည် အောက်ပါတို့အပါအဝင် မည်သူဖြစ်ကြောင်း သိရှိနိုင်စေသော သတင်းအချက်အလက်များအား လျှို့ဝှက်စွာ ထားရှိမှုနှင့် ပတ်သက်၍ *MDE* တွင် လုံလောက်သော လုပ်ငန်းစဉ်များနှင့် မူဝါဒများရှိကြောင်း မိဘများထံသို့ အသိပေးချက် ပေးပို့ရပါမည် -

1. ပြည်နယ်အတွင်းရှိ လူဦးရေအုပ်စု အမျိုးမျိုး၏ မိခင်ဘာသာစကားများဖြင့် အသိပေးချက်ကို ပေးထားသော အတိုင်းအတာအထိ ရှင်းလင်းချက်တစ်ခု၊
2. မည်သူဖြစ်ကြောင်း သိရှိနိုင်စေသော သတင်းအချက်အလက်ကို ထိန်းသိမ်းခံထားရသော ကလေးများ၊ ရှာဖွေခဲ့သော သတင်းအချက်အလက် အမျိုးအစား၊ (သတင်းအချက်အလက်အား မည်သည့်ရင်းမြစ်များထံမှ ရရှိသည် အပါအဝင်) သတင်းအချက်အလက်ကို ရယူရန် ပြည်နယ်က အသုံးပြုခဲ့သော နည်းလမ်းများနှင့် သတင်းအချက်အလက်အား အသုံးပြုပုံများ၊
3. မည်သူဖြစ်ကြောင်း သိရှိနိုင်စေသော သတင်းအချက်အလက်အား သိမ်းဆည်းခြင်း၊ တတိယအဖွဲ့အစည်းများသို့ ဖွင့်ဟခြင်း၊ ပြန်လည်ရယူခြင်းနှင့် ဖျက်ဆီးခြင်းတို့နှင့် စပ်လျဉ်း၍ ပါဝင်ဆောင်ရွက်သော အေဂျင်စီများက လိုက်နာရမည့် မူဝါဒများနှင့် လုပ်ငန်းစဉ်များ အကျဉ်းချုပ်နှင့်
4. *FERPA* ပါ အခွင့်အရေးများနှင့် ယင်းကိုဖော်ဆောင်သည့် 34 *CFR* အပိုင်း ၉၉ ပါ စည်းမျဉ်းများ အပါအဝင် ဤသတင်းအချက်အလက်နှင့် ဆက်စပ်၍ မိဘများနှင့် ကလေးများ၏ အခွင့်အရေးများ အားလုံးကို ရှင်းလင်းဖော်ပြချက်။

("ကလေးရှာဖွေမှု" ဟုလည်း သိရှိထားကြသော) အကြီးစားဖြစ်သည့် မည်သူဖြစ်ကြောင်း ဖော်ထုတ်ခြင်း၊ တည်နေရာကို ရှာဖွေခြင်း သို့မဟုတ် အကဲဖြတ်ခြင်း လုပ်ဆောင်မှု တခုခုကို မပြုလုပ်မီတွင် အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများ လိုအပ်နေသော ကလေးများအား တည်နေရာကိုသိရှိရန်၊ မည်သူဖြစ်ကြောင်း ဖော်ထုတ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပြည်နယ်တဝှမ်းလုံးရှိ မိဘများအား အသိပေးနိုင်ရန် လုံလောက်သော အစောင်ရေရှိသည့် သတင်းစာများတွင်ဖြစ်စေ၊ အခြားမီဒီယာတွင်ဖြစ်စေ၊ နှစ်ခုစလုံးတွင်ဖြစ်စေ အသိပေးချက်အား ထုတ်ပြန်ခြင်း သို့မဟုတ် ကြေငြာခြင်း ပြုရမည်ဖြစ်ပါသည်။

## ရယူကြည့်ရှုမှု အခွင့်အရေးများ

**34 *CFR* §300.613**

ပါဝင်ဆောင်ရွက်သော အေဂျင်စီသည် *IDEA* ၏ အပိုင်း ခ အရ ပါဝင်ဆောင်ရွက်သော အေဂျင်စီမှ ရယူထားသည့်၊ ထိန်းသိမ်းထားသည့် သို့မဟုတ် အသုံးပြုထားသည့် သင့်ကလေးနှင့် ပတ်သက်သော မည်သည့်ပညာရေး မှတ်တမ်းများမဆိုကို ကြည့်ရှုစစ်ဆေးရန်နှင့် ပြန်လည်သုံးသပ်ရန် သင့်အား ခွင့်ပြုရပါမည်။ ပါဝင်ဆောင်ရွက်သော အေဂျင်စီသည် (ဖြေရှင်းချက် အစည်းအဝေး သို့မဟုတ် စည်းကမ်းကြပ်မတ်မှုနှင့် စပ်လျဉ်းသည့် ကြားနာခြင်းတို့ အပါအဝင်) *IEP* တစ်ခုနှင့် ပတ်သက်သော မည်သည့်အစည်းအဝေး သို့မဟုတ် မည်သည့် ဘက်မလိုက်သော တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြားနာခြင်းကိုမဆို မပြုလုပ်မီတွင် သင့်ကလေး၏ မည်သည့် ပညာရေးမှတ်တမ်းများကိုမဆို ကြည့်ရှုစစ်ဆေးရန်နှင့် ပြန်လည်သုံးသပ်ရန် သင့်တောင်းဆိုချက်အား မလိုအပ်သော နှောင့်နှေးမှုများ မရှိစေဘဲ လိုက်လျောရမည်ဖြစ်ကာ

မည်သည့်အခြေအနေတွင်မဆို သင်တောင်းဆိုမှု ပြုလုပ်သည့်နေ့မှ ပြက္ခဒိန်ရက် ၄၅ ရက်အတွင်း လိုက်လျောရမည် ဖြစ်ပါသည်။

ပညာရေးမှတ်တမ်းများအား ကြည့်ရှုစစ်ဆေးရန်နှင့် ပြန်လည်သုံးသပ်ရန် သင့်အခွင့်အရေးတွင် အောက်ပါတို့ ပါဝင်ပါသည် -

1. မှတ်တမ်းများအား ရှင်းလင်းချက်များနှင့် ဘာသာပြန်ချက်များပေးရန် ကျိုးကြောင်းဆီလျော်စွာ သင့်တောင်းဆိုမှုများအတွက် ပါဝင်ဆောင်ရွက်သော အေဂျင်စီထံမှ တုံ့ပြန်မှုတစ်ခုကို ရပိုင်ခွင့်။
2. သင့်အနေဖြင့် မှတ်တမ်းများ၏ မိတ္တူများကို မရရှိဘဲ ယင်းတို့ကို ကောင်းစွာ ကြည့်ရှုစစ်ဆေးရန်နှင့် ပြန်လည်သုံးသပ်ရန် မဖြစ်နိုင်ပါက ပါဝင်ဆောင်ရွက်သော အေဂျင်စီက ယင်းမိတ္တူအားပေးရန် တောင်းဆိုပိုင်ခွင့်နှင့်
3. မှတ်တမ်းများကို သင့်ကိုယ်စားလှယ်က ကြည့်ရှုစစ်ဆေးပြီး ပြန်လည်သုံးသပ်စေနိုင်ခွင့်။

အုပ်ထိန်းသူဖြစ်ခြင်း သို့မဟုတ် အိမ်ထောင်ကွဲနေခြင်းနှင့် ကွာရှင်းထားခြင်းတို့ ကဲ့သို့သော တည်ဆဲပြည်နယ်ဥပဒေအရ သင့်တွင်လုပ်ပိုင်ခွင့်မရှိသော အခြေအနေမှလွဲ၍ ပါဝင်ဆောင်ရွက်သော အေဂျင်စီသည် သင့်တွင် သင့်ကလေးနှင့် သက်ဆိုင်သော မှတ်တမ်းများကို ကြည့်ရှုစစ်ဆေးရန်နှင့် ပြန်လည်သုံးသပ်ရန် လုပ်ပိုင်ခွင့်ရှိသည်ဟု ယူဆခြင်း ရှိနိုင်ပါသည်။

## ရယူကြည့်ရှုခြင်း မှတ်တမ်း

**34 *CFR* §300.614**

ပါဝင်ဆောင်ရွက်သော အေဂျင်စီသည် *IDEA* ၏ အပိုင်း ခ အရ ရယူထားသော၊ ထိန်းသိမ်းထားသောနှင့် အသုံးပြုထားသော ပညာရေးမှတ်တမ်းများအား (မိဘများနှင့် ပါဝင်ဆောင်ရွက်သော အေဂျင်စီ၏ ခွင့်ပြုထားသော ဝန်ထမ်းများက ရယူကြည့်ရှုခြင်းမှလွဲ၍) ရယူကြည့်ရှုသူများကို အမည်၊ ရယူကြည့်ရှုခွင့်ကို ပေးခဲ့သောနေ့စွဲနှင့် မှတ်တမ်းများအား အသုံးပြုရန် ယင်းကိုခွင့်ပြုထားသော ရည်ရွယ်ချက်တို့ အပါအဝင် မှတ်တမ်းတစ်ခုကို ထားရှိရပါမည်။

## ကလေးတစ်ဦးထက်ပိုသော မှတ်တမ်းများ

**34 *CFR* §300.615**

အကယ်၍ ပညာရေးမှတ်တမ်း တခုခုတွင် တစ်ဦးထက်ပိုသောကလေး၏ သတင်းအချက်အလက် ပါဝင်ပါက အဆိုပါ ကလေးများ၏ မိဘများသည် ယင်းတို့၏ကလေးနှင့် သက်ဆိုင်သော သတင်းအချက်အလက်ကိုသာ ကြည့်ရှုစစ်ဆေးခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း ပြုခွင့်ရမည် သို့မဟုတ် ယင်းသတင်းအချက်အလက် အတိအကျကိုသာ အသိပေးခြင်း ခံရမည်ဖြစ်ပါသည်။

## သတင်းအချက်အလက် အမျိုးအစားများနှင့် တည်နေရာများ စာရင်း

**34 *CFR* §300.616**

တောင်းဆိုပါက ပါဝင်ဆောင်ရွက်သော အေဂျင်စီတစ်ခုစီသည် အေဂျင်စီက ရယူထားသော၊ ထိန်းသိမ်းထားသော သို့မဟုတ် အသုံးပြုထားသော ပညာရေးမှတ်တမ်းများ၏ အမျိုးအစားများနှင့် တည်နေရာများ စာရင်းတစ်ခုကို သင့်အား ပေးရမည် ဖြစ်ပါသည်။

## အခကြေးငွေများ

**34 *CFR* §300.617**

အကယ်၍ မှတ်တမ်းများကို မိတ္တူကူးရန် ကျသင့်ငွေသည် ယင်းမှတ်တမ်းများကို ကြည့်ရှုစစ်ဆေးရန်နှင့် ပြန်လည်သုံးသပ်ရန် သင့်အခွင့်အရေးကို ဆောင်ရွက်ရာ၌ သိသာစွာ အတားအဆီးဖြစ်ခြင်း မရှိပါက ပါဝင်ဆောင်ရွက်သော အေဂျင်စီ တစ်ခုစီသည် *IDEA* ၏ အပိုင်း ခ အရ သင့်အတွက် ပြုလုပ်သော မှတ်တမ်းမိတ္တူများအတွက် ကျသင့်ငွေကို ကောက်ခံခြင်း ရှိနိုင်ပါသည်။

*IDEA* ၏ အပိုင်း ခ အရ သတင်းအချက်အလက်ကို ရှာဖွေရန် သို့မဟုတ် ပြန်လည်ရယူရန်အတွက် ပါဝင်ဆောင်ရွက်သော အေဂျင်စီတစ်ခုသည် အခကြေးငွေ မကောက်ခံရပါ။

## မိဘ၏ တောင်းဆိုချက်ဖြင့် မှတ်တမ်းများကို ပြင်ဆင်ခြင်း

**34 *CFR* §300.618**

*IDEA* ၏ အပိုင်း ခ အရ သင့်ကလေးနှင့် စပ်လျဉ်း၍ ရယူထားသော၊ ထိန်းသိမ်းထားသော သို့မဟုတ် အသုံးပြုထားသော ပညာရေးမှတ်တမ်းများမှ သတင်းအချက်အလက်သည် မတိကျခြင်း၊ နားလည်မှုလွဲစေခြင်း သို့မဟုတ် သင့်ကလေး၏ ကိုယ်ရေးလုံခြုံမှု သို့မဟုတ် အခြားအခွင့်အရေးများကို ချိုးဖောက်ခြင်းဖြစ်သည်ဟု ယုံကြည်ပါက သတင်းအချက်အလက်ကို ထိန်းသိမ်းသော ပါဝင်ဆောင်ရွက်သည့် အေဂျင်စီအား သတင်းအချက်အလက်ကို ပြောင်းလဲရန် တောင်းဆိုနိုင်ပါသည်။

သင့်တောင်းဆိုချက်ကို လက်ခံရရှိချိန်မှ သင့်လျော်သော ကာလအတွင်း သတင်းအချက်အလက်ကို သင့်တောင်းဆိုချက်နှင့်အညီ ပြောင်းလဲခြင်း ပြုရန်မပြုရန်ကို ပါဝင်ဆောင်ရွက်သော အေဂျင်စီက ဆုံးဖြတ်ရပါမည်။

ပါဝင်ဆောင်ရွက်သော အေဂျင်စီသည် သတင်းအချက်အလက်ကို သင့်တောင်းဆိုချက်နှင့်အညီ ပြောင်းလဲပေးရန် ငြင်းဆန်ပါက ငြင်းဆန်ကြောင်း သင့်အားအသိပေးရမည်ဖြစ်ကာ ကြားနာမှုတစ်ခုပြုလုပ်ရန်

အခွင့်အရေး ခေါင်းစဉ်အောက်တွင် ဖော်ပြထားသည့်အတိုင်း သင့်တွင် ကြားနာမှုတစ်ခုကို ပြုလုပ်ရန် အခွင့်အရေးရှိကြောင်း အကြံပြုရပါမည်။

## ကြားနာမှုတစ်ခု ပြုလုပ်ရန် အခွင့်အရေး

**34 *CFR* §300.619**

တောင်းဆိုပါက ပါဝင်ဆောင်ရွက်သော အေဂျင်စီအနေဖြင့် သင့်ကလေး၏ ပညာရေးမှတ်တမ်းများသည် မတိကျခြင်း၊ နားလည်မှုလွဲစေခြင်း သို့မဟုတ် သင့်ကလေး၏ ကိုယ်ရေးလုံခြုံမှု သို့မဟုတ် အခြားအခွင့်အရေးများကို ချိုးဖောက်ခြင်း မဟုတ်ကြောင်း သေချာစေရန်အတွက် သတင်းအချက်အလက်ကို စိစစ်ရန် ကြားနာမှုတစ်ခုကို ပြုလုပ်ရမည့် အခွင့်အရေးကို သင့်အားပေးရပါမည်။

## ကြားနာမှု လုပ်ငန်းစဉ်များ

**34 *CFR* §300.621**

ပညာရေး မှတ်တမ်းများပါ သတင်းအချက်အလက်များကို စိစစ်ရန် ကြားနာမှုတစ်ခုအား *FERPA* အရ အဆိုပါ ကြားနာခြင်းများအတွက် လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ရပါမည်။

## ကြားနာမှု၏ ရလဒ်

**34 *CFR* §300.620**

ကြားနာမှု၏ ရလဒ်အဖြစ် ပါဝင်ဆောင်ရွက်သော အေဂျင်စီက သတင်းအချက်အလက်သည် မတိကျခြင်း၊ နားလည်မှုလွဲစေခြင်း သို့မဟုတ် ကလေး၏ ကိုယ်ရေးလုံခြုံမှု သို့မဟုတ် အခြားအခွင့်အရေးများကို တနည်းနည်းဖြင့် ချိုးဖောက်ခြင်းဖြစ်သည်ဟု ဆုံးဖြတ်ပါက ယင်းသည် သတင်းအချက်အလက်အား သင့်လျော်သလို ပြောင်းလဲရမည်ဖြစ်ကာ သင့်အား စာဖြင့်ရေးသား အသိပေးရပါမည်။

ကြားနာမှု၏ ရလဒ်အဖြစ် ပါဝင်ဆောင်ရွက်သော အေဂျင်စီက သတင်းအချက်အလက်သည် မတိကျခြင်း၊ နားလည်မှုလွဲစေခြင်း သို့မဟုတ် သင့်ကလေး၏ ကိုယ်ရေးလုံခြုံမှု သို့မဟုတ် အခြားအခွင့်အရေးများကို တနည်းနည်းဖြင့် ချိုးဖောက်ခြင်းမဟုတ်ဟု ဆုံးဖြတ်ပါက သင့်ကလေး၏ သတင်းအချက်အလက်အပေါ် မှတ်ချက်ပေးသော ဖော်ပြချက်တစ်ခု သို့မဟုတ် ပါဝင်ဆောင်ရွက်သော အေဂျင်စီ၏ ဆုံးဖြတ်ချက်ကို သင်သဘောမတူခြင်းအတွက် မည်သည့်အကြောင်းပြချက်ကိုမဆို မှတ်တမ်းတွင်ထည့်သွင်းရန် သင့်တွင်အခွင့်အရေးရှိကြောင်းကို ယင်းကသင့်အား အသိပေးရပါမည်။

သင့်ကလေး၏ မှတ်တမ်းများတွင် ထည့်သွင်းသော ယင်းကဲ့သို့ ရှင်းလင်းချက်တစ်ခုကို -

1. ပါဝင်ဆောင်ရွက်သော အေဂျင်စီသည် မှတ်တမ်း သို့မဟုတ် ခုခံပြောဆိုသောအပိုင်းအား ဆက်လက်ထိန်းသိမ်းထားသရွေ့ သင့်ကလေး၏ မှတ်တမ်းများ၏ တစိတ်တပိုင်းအဖြစ် ပါဝင်ဆောင်ရွက်သော အေဂျင်စီက ထိန်းသိမ်းထားရမည်ဖြစ်သလို
2. ပါဝင်ဆောင်ရွက်သော အေဂျင်စီသည် သင့်ကလေး၏ မှတ်တမ်းများ သို့မဟုတ် စိစစ်ထားသောအပိုင်းကို မည်သည့်အဖွဲ့အစည်းသို့မဆို ဖွင့်ဟပါက ရှင်းလင်းချက်ကိုလည်း ယင်းအဖွဲ့အစည်းသို့ ဖွင့်ဟရပါမည်။

## မည်သူဖြစ်ကြောင်း သိရှိစေနိုင်သော သတင်းအချက်အလက်ကို ဖွင့်ဟခြင်းအတွက် ခွင့်ပြုချက်

**34 *CFR* §300.622**

*FERPA* အရ (မိဘခွင့်ပြုချက် မရှိဘဲ) ပညာရေးမှတ်တမ်းများတွင် ပါရှိသော မည်သူဖြစ်ကြောင်း သိရှိစေနိုင်သော သတင်းအချက်အလက်ကို ဖွင့်ဟခြင်းအား ခွင့်ပြုထားသည်မှလွဲ၍ မည်သူဖြစ်ကြောင်း သိရှိစေနိုင်သော သတင်းအချက်အလက်ကို ပါဝင်ဆောင်ရွက်သော အေဂျင်စီများမှ အရာရှိများမဟုတ်သော အခြားအဖွဲ့အစည်းများထံသို့ မဖွင့်ဟမီတွင် သင့်ခွင့်ပြုချက်ကို ရယူရပါမည်။ အောက်တွင် ဖော်ပြထားသော အခြေအနေများအရမှလွဲ၍ *IDEA* ၏ အပိုင်း ခ ပါ လိုအပ်ချက်တစ်ခုကို ပြည့်မီစေရန် ရည်ရွယ်ချက်များအတွက် မည်သူဖြစ်ကြောင်း သိရှိစေနိုင်သော သတင်းအချက်အလက်ကို ပါဝင်ဆောင်ရွက်သော အေဂျင်စီများ၏ အရာရှိများထံသို့ မထုတ်ပေးမီတွင် သင့်ခွင့်ပြုချက်ကို မလိုအပ်ပါ။

အကူးအပြောင်း ဝန်ဆောင်မှုများကို ပြုလုပ်သော သို့မဟုတ် ပေးသော ပါဝင်ဆောင်ရွက်သည့် အေဂျင်စီများမှ အရာရှိများထံသို့ မည်သူဖြစ်ကြောင်း သိရှိစေနိုင်သော သတင်းအချက်အလက်ကို မထုတ်ပေးမီတွင် သင့်ခွင့်ပြုချက် သို့မဟုတ် ပြည်နယ်ဥပဒေအရ အသက်ပြည့်ပြီးဖြစ်သော သင့်လျော်သည့်ကလေး၏ ခွင့်ပြုချက်ကို ရယူရပါမည်။

အကယ်၍ သင့်ကလေးသည် သင့်နေထိုင်သည့် ကျောင်းခရိုင်အတွင်း မတည်ရှိသော ပုဂ္ဂလိကကျောင်း တစ်ကျောင်းတွင် တက်ရောက်နေခြင်း သို့မဟုတ် တက်ရောက်မည်ဖြစ်ခြင်း ဖြစ်ပါက ပုဂ္ဂလိကကျောင်း တည်ရှိသော ကျောင်းခရိုင်မှ အရာရှိများနှင့် သင်နေထိုင်သော ကျောင်းခရိုင်မှ အရာရှိများအကြား သင့်ကလေးနှင့် ပတ်သက်သည့် မည်သူဖြစ်ကြောင်း သိရှိစေနိုင်သော သတင်းအချက်အလက် တခုခုကို မထုတ်ပေးမီတွင် သင့်ခွင့်ပြုချက်ကို ရယူရပါမည်။

## အကာအကွယ်များ

**34 *CFR* §300.623**

ပါဝင်ဆောင်ရွက်သော အေဂျင်စီတစ်ခုစီသည် မည်သူဖြစ်ကြောင်း သိရှိစေနိုင်သော သတင်းအချက်အလက်အား ရယူခြင်း၊ သိမ်းဆည်းခြင်း၊ ဖွင့်ဟခြင်းနှင့် ဖျက်ဆီးခြင်း ပြုလုပ်သည့် အဆင့်များတွင် လျှို့ဝှက်ထားရှိမှုကို အကာအကွယ်ပေးရပါမည်။

မည်သူဖြစ်ကြောင်း သိရှိစေနိုင်သော သတင်းအချက်အလက်အား လျှို့ဝှက်ထားရှိမှုကို သေချာစေရန်အတွက် ပါဝင်ဆောင်ရွက်သော အေဂျင်စီတစ်ခုစီမှ အရာရှိတစ်ဦးတွင် တာဝန်ရှိကြောင်း မှတ်ယူရပါမည်။

*IDEA* ၏ အပိုင်း ခ နှင့် *FERPA* အရ မည်သူဖြစ်ကြောင်း သိရှိစေနိုင်သော သတင်းအချက်အလက်ကို ရယူသည့် သို့မဟုတ် အသုံးပြုသည့် သူများအားလုံးသည် မီချီဂန်ပြည်နယ်၏ မူဝါဒများနှင့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ လေ့ကျင့်ပေးမှု သို့မဟုတ် လမ်းညွှန်မှုကို ရရှိထားရပါမည်။

အများပြည်သူက ကြည့်ရှုစစ်ဆေးနိုင်ရန်အတွက် ပါဝင်ဆောင်ရွက်သော အေဂျင်စီတစ်ခုစီသည် မည်သူဖြစ်ကြောင်း သိရှိစေနိုင်သော သတင်းအချက်အလက်ကို ရယူအသုံးပြုခွင့်ရှိသည့် ယင်းဝန်ထမ်းများ၏ အမည်များနှင့် ရာထူးများပါဝင်သော လက်ရှိစာရင်းတစ်ခုကို ထားရှိရပါမည်။

## သတင်းအချက်အလက်ကို ဖျက်ဆီးခြင်း

**34 *CFR* §300.624**

သင့်ကလေးအား ပညာရေးဆိုင်ရာ ဝန်ဆောင်မှုများကို ပေးရန်အတွက် *IDEA* ၏ အပိုင်း ခ အရ ရယူထားသည့်၊ ထိန်းသိမ်းထားသည့် သို့မဟုတ် အသုံးပြုထားသည့် မည်သူဖြစ်ကြောင်း သိရှိစေနိုင်သော သတင်းအချက်အလက်ကို လိုအပ်ခြင်းမရှိတော့ပါက သင့်ကျောင်းခရိုင်သည် သင့်အား အကြောင်းကြားရပါမည်။

တောင်းဆိုမှုရှိပါက သတင်းအချက်အလက်ကို ဖျက်ဆီးပစ်ရပါမည်။ သို့ရာတွင် သင့်ကလေး၏အမည်၊ လိပ်စာနှင့် ဖုန်းနံပါတ်၊ သူ သို့မဟုတ် သူမ၏ အဆင့်များ၊ ကျောင်းတက်ရောက်မှု မှတ်တမ်း၊ တက်ရောက်ခဲ့သော အတန်းများ၊ ပြီးစီးခဲ့သော အတန်းအဆင့်နှင့် ပြီးစီးခဲ့သောနှစ်တို့ ပါဝင်သော အမြဲတမ်းမှတ်တမ်းကို အချိန်အကန့်အသတ်မရှိဘဲ ထိန်းသိမ်းထားခြင်း ရှိနိုင်ပါသည်။

### ကျောင်းသားကျောင်းသူ အခွင့်အရေးများ

**34 *CFR* §300.625**

*FERPA* ၏ စည်းမျဉ်းများအရ ပညာရေးမှတ်တမ်းများနှင့် ပတ်သက်သည့် မိဘများ၏ အခွင့်အရေးများကို ကျောင်းသားကျောင်းသူ အသက် ၁၈ နှစ် ပြည့်ချိန်တွင် လွှဲပြောင်းပေးပါသည်။

*IDEA* ၏ အပိုင်း ခ အရ ပညာရေးမှတ်တမ်းများနှင့် ပတ်သက်သည့် မိဘများ၏ အခွင့်အရေးများကိုလည်း ကျောင်းသားကျောင်းသူ အသက် ၁၈ နှစ်ပြည့်ချိန်တွင် လွှဲပြောင်းပေးပါသည်။ သို့ရာတွင် ပါဝင်ဆောင်ရွက်သော အေဂျင်စီတစ်ခုသည် *IDEA* ၏ အပိုင်း ခ အရ လိုအပ်သော မည်သည့်အသိပေးချက်ကိုမဆို ကျောင်းသားကျောင်းသူကိုရော မိဘများကိုပါ ပေးရမည်ဖြစ်ပါသည်။

---

## ကြားဝင်စေ့စပ်ပေးခြင်း

### ကြားဝင်စေ့စပ်ပေးခြင်း

**34 *CFR* §300.506**

**အထွေထွေ**
ပြည်နယ်တိုင်ကြားချက်တစ်ခု သို့မဟုတ် တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်တစ်ခုကို မပြုလုပ်မီက ကိစ္စရပ်များ အပါအဝင် *IDEA* ၏ အပိုင်း ခ သို့မဟုတ် အပိုင်း ဂ အရ မည်သည့်ကိစ္စမဆို ပါဝင်သော သဘောမတူညီမှုများကို ဖြေရှင်းရန်အတွက် သင်နှင့် ကျောင်းခရိုင်အကြားတွင် ကြားဝင်စေ့စပ်ပေးခြင်းကို ပြုလုပ်ပေးနိုင်သည့် လုပ်ငန်းစဉ်များကို *MDE* က ချမှတ်ထားပါသည်။ သို့ဖြစ်၍ **တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ**
**တိုင်ကြားချက်တစ်ခုကို ပြုလုပ်ခြင်း** ခေါင်းစဉ်အောက်တွင် ဖော်ပြထားသည့်အတိုင်း တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြားနာခြင်းတစ်ခုကို တောင်းဆိုရန်အတွက် တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်တစ်ခုကို သင်က ပြုလုပ်ခဲ့သည်ဖြစ်စေ၊ မပြုလုပ်ခဲ့သည်ဖြစ်စေ *IDEA* ၏ အပိုင်း ခ သို့မဟုတ် အပိုင်း ဂ အရ အငြင်းပွားမှုများကို ဖြေရှင်းရန်အတွက် ကြားဝင်စေ့စပ်ပေးခြင်းကို ရရှိနိုင်ပါသည်။

**လိုအပ်ချက်များ**
ကြားဝင်စေ့စပ်ပေးခြင်း လုပ်ဆောင်မှုသည် အောက်ပါတို့နှင့် အညီဖြစ်ကြောင်း လုပ်ငန်းစဉ်များက သေချာစေပါသည် -

1. သင့်အပိုင်းနှင့် ကျောင်းခရိုင်၏ အပိုင်းတွင် ဆန္ဒအလျောက်ဖြစ်ခြင်း။

2. တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြားနာခြင်းတစ်ခုအား သင့်ရရှိပိုင်ခွင့်ကို ငြင်းဆန်ရန် သို့မဟုတ် ကြန့်ကြာစေရန် သို့တည်းမဟုတ် *IDEA* ၏ အပိုင်း ခ နှင့် အပိုင်း ဂ အရ သင့်တွင်ရှိသော အခြားမည်သည့် အခွင့်အရေးမဆိုကို ငြင်းဆန်ရန်အတွက် အသုံးပြုသည် မဟုတ်ခြင်း။ နှင့်
3. အကျိုးရှိသော ကြားဝင်စေ့စပ်ပေးသည့် နည်းလမ်းများကို လေ့ကျင့်ပေးထားသော အရည်အချင်း ပြည့်မီကာ ဘက်မလိုက်သည့် ကြားဝင်စေ့စပ်ပေးသူ တစ်ဦးက ဆောင်ရွက်မှုဖြစ်ခြင်း။

ကျောင်းခရိုင်သည် ကြားဝင်စေ့စပ်ပေးခြင်း လုပ်ဆောင်မှုကို အသုံးမပြုရန် ရွေးချယ်သော မိဘများနှင့် ကျောင်းများအတွက် သင့်အတွက် အဆင်ပြေသော အချိန်နှင့်နေရာတွင် အောက်ပါသဘောမတူသည့် အဖွဲ့အစည်းနှင့် တွေ့ဆုံနိုင်ရန် အခွင့်အရေးကိုပေးသည့် လုပ်ငန်းစဉ်များကို ပြုလုပ်ပေးခြင်း ရှိနိုင်ပါသည် -

1. သင့်လျော်သော အခြားနည်းတစ်ခုဖြင့် အငြင်းအခုန်ကို ဖြေရှင်းပေးသည့် လုပ်ငန်းတစ်ခု သို့မဟုတ် မိဘလေ့ကျင့်ရေးနှင့် သတင်းအချက်အလက်စင်တာတစ်ခု သို့မဟုတ် ပြည်နယ်အတွင်းရှိ လူ့အသိုင်းအဝိုင်း မိဘရင်းမြစ်စင်တာနှင့် စာချုပ်ရှိထားသူ။ နှင့်
2. သင့်အတွက် ရရှိနိုင်သော ကြားဝင်စေ့စပ်ပေးသည့် လုပ်ဆောင်ချက်၏ အကျိုးကျေးဇူးများကို ရှင်းပြပေးကာ ယင်းကိုအသုံးပြုရန် အားပေးမည့်သူ။

*MDE* သည် အရည်အချင်းပြည့်မီသော ကြားဝင်စေ့စပ်ပေးသူများဖြစ်ပြီး အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများ၏ ပြဌာန်းချက်နှင့် စပ်လျဉ်းသော ဥပဒေများနှင့် စည်းမျဉ်းများကို သိရှိသည့် လူများ၏ စာရင်းတစ်ခုကို ထားရှိရပါမည်။ *MDE* သည် ကြားဝင်စေ့စပ်ပေးသူများကို ကျပန်းဖြစ်စေ၊ အလှည့်ကျဖြစ်စေ သို့မဟုတ် အခြားဘက်မလိုက်သော ပုံစံဖြင့်ဖြစ်စေ ရွေးချယ်ရပါမည်။

တွေ့ဆုံမှုများ၏ ကုန်ကျစရိတ်များ အပါအဝင် ကြားဝင်စေ့စပ်ပေးခြင်း လုပ်ဆောင်မှု၏ ကုန်ကျစရိတ်များအတွက် ပြည်နယ်တွင် တာဝန်ရှိပါသည်။ အဆိုပါ ဝန်ဆောင်မှုများကို [အထူးပညာရေး ကြားဝင်စေ့စပ်ပေးခြင်း ဝန်ဆောင်မှုများ](http://MiKids1st.org) (*http://MiKids1st.org*) က ပေးပါသည်။

ကြားဝင်စေ့စပ်ပေးခြင်း လုပ်ဆောင်မှုမှ ဆွေးနွေးမှု တစ်ခုချင်းစီအား အချိန်နှင့်တပြေးညီ စီစဉ်ကာ သင်နှင့် ကျောင်းခရိုင်အတွက် အဆင်ပြေသော နေရာတစ်ခုတွင် ပြုလုပ်ရပါမည်။

သင်နှင့်ကျောင်းခရိုင်သည် ကြားဝင်စေ့စပ်ပေးခြင်း လုပ်ဆောင်မှုအတွင်း အငြင်းအခုန်ကို ဖြေရှင်းနိုင်ပါက နှစ်ဖက်စလုံးသည် အထက်ပါဖြေရှင်းချက်ကို သတ်မှတ်ရန်အတွက် ဥပဒေအရ လိုက်နာရမည်ဖြစ်သော သဘောတူညီမှုတစ်ခုကို ပြုလုပ်ရမည်ဖြစ်ကာ ယင်းတွင် -

1. ကြားဝင်စေ့စပ်ပေးသည့် လုပ်ဆောင်မှု ကာလအတွင်း ပြုလုပ်ခဲ့သော ဆွေးနွေးမှုများ အားလုံးကို လျှို့ဝှက်အဖြစ် ထားရှိမည်ဖြစ်ကာ မည်သည့်နောက်ဆက်တွဲ တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ

ကြားနာခြင်း သို့မဟုတ် အများပြည်သူ တရားစွဲဆိုခြင်းများတွင် သက်သေခံအဖြစ် အသုံးပြုမည်မဟုတ်ကြောင်း ဖော်ပြရမည်။ ထို့အပြင်

2. သင်ရော ကျောင်းခရိုင်က ခွင့်ပြုထားသည့် ကျောင်းခရိုင် ကိုယ်စားလှယ် တစ်ဦးကပါ လက်မှတ်ထိုးရမည် ဖြစ်ပါသည်။

စာဖြင့်ရေးသားထားပြီး လက်မှတ်ထိုးထားသော ကြားဝင်စေ့စပ်ပေးခြင်း သဘောတူညီချက်ကို အရည်အချင်းပြည့်မီသည့် တရားစီရင်ပိုင်ခွင့်ရှိသော မည်သည့်ပြည်နယ်တရားရုံး (ဤအမှုအမျိုးအစားကို ကြားနာရန် ပြည်နယ်ဥပဒေအရ ခွင့်ပြုထားသော တရားရုံးတစ်ရုံး) တွင်မဆို သို့မဟုတ် အမေရိကန် ပြည်ထောင်စု၏ ခရိုင်တရားရုံး တစ်ရုံးတွင်မဆို လိုက်နာစေရန် ဆောင်ရွက်နိုင်ပါသည်။

ကြားဝင်စေ့စပ်ပေးခြင်း လုပ်ဆောင်မှုအတွင်း ပြုလုပ်ခဲ့သော ဆွေးနွေးမှုများကို လျှို့ဝှက်အဖြစ် ထားရှိရပါမည်။ ယင်းတို့ကို *IDEA* ၏ အပိုင်း ခ သို့မဟုတ် အပိုင်း ဂ အရ အကူအညီကို ရရှိသော မည်သည့်အနာဂတ် တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြားနာခြင်း သို့မဟုတ် မည်သည့်ဖက်ဒရယ်တရားရုံး သို့မဟုတ် ပြည်နယ်တစ်ခု၏ ပြည်နယ်တရားရုံး တခုခုတွင်မဆို အများပြည်သူ တရားစွဲဆိုမှုတွင် သက်သေခံအဖြစ် အသုံးမပြုနိုင်ပါ။

**ကြားဝင်စေ့စပ်ပေးသူ၏ ဘက်မလိုက်မှု**

ကြားဝင်စေ့စပ်ပေးသူသည် -

1. *MDE* ၏ ဝန်ထမ်းတစ်ဦး သို့မဟုတ် သင့်ကလေး၏ ပညာရေး သို့မဟုတ် စောင့်ရှောက်ရေးတွင် ပါဝင်သော ကျောင်းခရိုင်၏ ဝန်ထမ်းတစ်ဦး မဖြစ်ရပါ။ ထို့အပြင်
2. ကြားဝင်စေ့စပ်ပေးသူ၏ မှန်ကန်သည့် ဆုံးဖြတ်ချက်အပေါ် အတိုက်အခံ ဖြစ်စေမည့် ပုဂ္ဂိုလ်ရေး သို့မဟုတ် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ အကျိုးအမြတ် မရှိရပါ။

ကြားဝင်စေ့စပ်ပေးသူ တစ်ဦးအဖြစ် တနည်းနည်းနှင့် အရည်အချင်းပြည့်မီသော သူတစ်ဦးသည် ကြားဝင်စေ့စပ်ပေးသူအဖြစ် ဆောင်ရွက်ရန် သူ သို့မဟုတ် သူမအား အေဂျင်စီ သို့မဟုတ် ကျောင်းခရိုင်က အခကြေးငွေ ပေးထားရုံသက်သက်ဖြင့် ယင်းသည် ကျောင်းခရိုင် သို့မဟုတ် ပြည်နယ်အေဂျင်စီတစ်ခု၏ ဝန်ထမ်းဖြစ်မည် မဟုတ်ပါ။

## ပြည်နယ် တိုင်ကြားချက် လုပ်ငန်းစဉ်များ

### တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြားနာခြင်း တိုင်ကြားချက်နှင့် ပြည်နယ် တိုင်ကြားချက် လုပ်ငန်းစဉ်များအကြား ကွာခြားမှု

ရှေ့တွင်ဆိုခဲ့သော *IDEA* ၏ အပိုင်း ခ အတွက် စည်းမျဉ်းများသည် ပြည်နယ်တိုင်ကြားချက်များအတွက်နှင့် တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားမှုနှင့် ကြားနာခြင်းများအတွက် သီးခြားလုပ်ငန်းစဉ်များကို ဖြစ်စေပါသည်။ အောက်တွင် ရှင်းပြထားသည့်အတိုင်း မည်သူတဦးတယောက် သို့မဟုတ် မည်သည့်အဖွဲ့အစည်းမဆိုသည် ကျောင်းခရိုင်၊ *MDE* သို့မဟုတ် အခြားမည်သည့် ပြည်သူပိုင်အေဂျင်စီကမဆို အပိုင်း ခ သို့မဟုတ် အပိုင်း ဂ ပါ မည်သည့်လိုအပ်ချက်ကိုမဆို ချိုးဖောက်ကြောင်း စွပ်စွဲထားသည့် ပြည်နယ်တိုင်ကြားချက်တစ်ခုကို ပြုလုပ်နိုင်ပါသည်။ မည်သူဖြစ်ကြောင်း သက်သေခံချက်ကို စတင်ပြုလုပ်ရန် သို့မဟုတ် ပြောင်းလဲရန် အဆိုပြုခြင်း သို့မဟုတ် ငြင်းဆန်ခြင်း၊ မသန်စွမ်းမှုရှိသော ကလေးတစ်ဦးအား အကဲဖြတ်ခြင်း သို့မဟုတ် ပညာရေးဆိုင်ရာ ထားရှိမှု သို့မဟုတ် ကလေးအတွက် *FAPE* ၏ ပြဌာန်းချက်နှင့် စပ်လျဥ်း၍ မည်သည့်ကိစ္စအတွက်မဆို တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်ကို သင် သို့မဟုတ် ကျောင်းခရိုင်ကသာ ပြုလုပ်၍ ရနိုင်ပါသည်။ *ALJ* သည် သင့်တောင်းဆိုမှု သို့မဟုတ် ကျောင်းခရိုင်၏ တောင်းဆိုမှုအရ အချိန်ကာလတစ်ခုအထိ ထပ်တိုးပေးသည်မှလွဲ၍ ဤစာရွက်စာတမ်း၏ **ဖြေရှင်းချက် လုပ်ငန်းစဉ်** ခေါင်းစဉ်အောက်တွင် ဖော်ပြထားသည့်အတိုင်း အချိန်ကာလကို သင့်လျော်စွာ ထပ်တိုးထားသည်မှလွဲ၍ *MDE* ၏ ဝန်ထမ်းများသည် ပုံမှန်အားဖြင့် ပြည်နယ်တိုင်ကြားချက်တစ်ခုကို ပြက္ခဒိန်ရက် ၆၀ ရက်ပါ အချိန်ကာလအတွင်း ဖြေရှင်းရမည်ဖြစ်သလို (ဖြေရှင်းချက် အစည်းအဝေး သို့မဟုတ် ကြားဝင်စေ့စပ်ပေးခြင်းဖြင့် ဖြေရှင်းနိုင်ခြင်း မရှိပါက) *ALJ* သည် တရားဝင်လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်တစ်ခုကို ကြားနာရမည်ဖြစ်ကာ ဆုံးဖြတ်ချက်ချသည့်ကာလ ပြီးဆုံးချိန်မှ ပြက္ခဒိန်ရက် ၄၅ ရက်အတွင်း စာဖြင့်ရေးသားထားသော ဆုံးဖြတ်ချက်တစ်ခုကို ထုတ်ပေးရပါမည်။ ပြည်နယ်တိုင်ကြားချက်နှင့် တရားဝင်လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်၊ ဆုံးဖြတ်ချက်နှင့် ကြားနာခြင်း လုပ်ငန်းစဉ်များကို အောက်တွင် ပိုမိုပြည့်စုံစွာ ရှင်းပြထားပါသည်။

## ပြည်နယ်တိုင်ကြားချက် လုပ်ငန်းစဉ်များကို လက်ခံခြင်း

**34 *CFR* §300.151**

**အထွေထွေ**

*MDE* တွင် အောက်ပါတို့အတွက် စာဖြင့်ရေးသားထားသော လုပ်ငန်းစဉ်များ ရှိရမည် ဖြစ်ပါသည် (*Administrative Rules for Special Education*၊ *Rule* 340.1701a, 340.1851-1853 ကို ကြည့်ပါ) -

1. အခြားပြည်နယ်တစ်ခုမှ အဖွဲ့အစည်းတစ်ခု သို့မဟုတ် တဦးတယောက်က ပြုလုပ်သော တိုင်ကြားချက် အပါအဝင် မည်သည့်ပြည်နယ် တိုင်ကြားချက်ကိုမဆို ဖြေရှင်းခြင်း၊
2. တိုင်ကြားချက်တစ်ခုကို ဖိုင်တွဲခြင်း၊
3. ပြည်နယ်တိုင်ကြားချက် လုပ်ငန်းစဉ်များကို မိဘလေ့ကျင့်ရေးနှင့် သတင်းအချက်အလက်စင်တာများ၊ ကာကွယ်ရေးနှင့် ဥပဒေအကြံပေး အေဂျင်စီများ၊ သီးခြားဖြစ်သော နေထိုင်မှု စင်တာများနှင့် အခြားသင့်လျော်သော လုပ်ငန်းများ အပါအဝင် မိဘများနှင့် အခြားစိတ်ဝင်စားသော သူများထံသို့ ကျယ်ပြန့်စွာ ဖြန့်ဖြူးခြင်း။

**သင့်လျော်သော ဝန်ဆောင်မှုများကို ငြင်းဆန်ခြင်းအတွက် ကုစားမှုများ**

*MDE* အနေဖြင့် သင့်လျော်သော ဝန်ဆောင်မှုများကိုပေးရန် ပျက်ကွက်မှုအား တွေ့ရှိရသော ပြည်နယ်တိုင်ကြားမှုတစ်ခုကို ဖြေရှင်းရာတွင် *MDE* သည် -

1. ကလေး၏ လိုအပ်ချက်များကို သိရှိရန် သင့်လျော်သော ပြင်ဆင်ဆောင်ရွက်ချက် အပါအဝင် သင့်လျော်သော ဝန်ဆောင်မှုများကိုပေးရန် ပျက်ကွက်မှု။ နှင့်
2. မသန်စွမ်းမှုရှိသော ကလေးများအားလုံးအတွက် ဝန်ဆောင်မှုများပေးရန် သင့်လျော်သော အနာဂတ်ပြဌာန်းချက်တို့ကို ဖော်ပြရမည် ဖြစ်ပါသည်။

## အနည်းဆုံး ပြည်နယ်တိုင်ကြားချက် လုပ်ငန်းစဉ်များ

**34 *CFR* §300.152**

**အချိန်အကန့်အသတ်၊ အနည်းဆုံး လုပ်ငန်းစဉ်များ**

အောက်ပါတို့ကို ပြုလုပ်ရန် တိုင်ကြားချက်တစ်ခုကို ဖိုင်တွဲပြီးနောက် အထူးပညာရေးရုံး [*Office of Special Education* (*OSE*)] မှတဆင့် *MDE* သည် ယင်း၏ ပြည်နယ်တိုင်ကြားချက် လုပ်ငန်းစဉ်များတွင် ပြက္ခဒိန်ရက် ၆၀ ပါ အချိန်ကာလ တစ်ခုကို ထည့်သွင်းမည် ဖြစ်ပါသည် -

1. စုံစမ်းစစ်ဆေးမှု တစ်ခုကို ပြုလုပ်ရန် လိုအပ်သည်ဟု *MDE* က ဆုံးဖြတ်လျှင် နေရာတွင်ပင် လွတ်လပ်သော စုံစမ်းစစ်ဆေးမှု တစ်ခုကို ပြုလုပ်ရန်။
2. တိုင်ကြားချက်ပါ စွပ်စွဲချက်များနှင့် စပ်လျဉ်း၍ နောက်ထပ် သတင်းအချက်အလက်ကို နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ ပေးပို့ရန် အခွင့်အရေးကို တိုင်ကြားသူအားပေးရန်။
3. အောက်ပါတို့အပါအဝင် အနည်းဆုံးအနေဖြင့် ကျောင်းခရိုင် သို့မဟုတ် ပြည်သူပိုင်အေဂျင်စီအား တိုင်ကြားချက်ကို တုံ့ပြန်ရန် အခွင့်အလမ်းကိုပေးရန် - (က) အေဂျင်စီ၏ ရွေးချယ်မှုဖြင့် တိုင်ကြားချက်ကို ဖြေရှင်းရန် အဆိုပြုမှုတစ်ခုနှင့် (ခ) တိုင်ကြားမှုကို ပြုလုပ်သော မိဘတစ်ဦးနှင့် အေဂျင်စီအနေဖြင့် ကြားဝင်စေ့စပ်ပေးမှုကို ဆန္ဒအလျောက် စတင်လုပ်ဆောင်ရန် အခွင့်အရေး။
4. သက်ဆိုင်ရာ သတင်းအချက်အလက်များ အားလုံးကို ပြန်လည်သုံးသပ်ရန်နှင့် စွပ်စွဲထားသည့်အတိုင်း ကျောင်းခရိုင် သို့မဟုတ် အခြား ပြည်သူပိုင်အေဂျင်စီသည် *IDEA* ၏ အပိုင်း ခ ပါ လိုအပ်ချက်တစ်ခုကို ချိုးဖောက်ခြင်း ဟုတ်မဟုတ်ကို လွတ်လပ်စွာ ဆုံးဖြတ်ချက်ချရန်။ နှင့်
5. တိုင်ကြားချက်ပါ စွပ်စွဲချက် တစ်ခုစီအတွက် အောက်ပါတို့ ပါဝင်သည့် စာဖြင့်ရေးသားထားသော ဆုံးဖြတ်ချက်တစ်ခုကို ထုတ်ပေးရန် - (က) အချက်အလက်များကို ရှာဖွေမှုများနှင့် ကောက်ချက်များနှင့် (ခ) *MDE* ၏ အပြီးသတ် ဆုံးဖြတ်ချက်အတွက် အကြောင်းရင်းများ။

**အချိန်ထပ်တိုးခြင်း၊ အပြီးသတ်ဆုံးဖြတ်ချက်၊ အကောင်အထည်ဖော်ခြင်း**

အထက်တွင် ဖော်ပြထားသော *MDE* ၏ လုပ်ငန်းစဉ်များသည် အောက်ပါတို့ကို ဖြစ်စေရပါမည် -

1. အောက်ပါအခြေအနေများတွင်သာ အချိန်အကန့်အသတ်ကို ပြက္ခဒိန်ရက် ၆၀ ရက် ထပ်တိုးခြင်းကို ခွင့်ရပါမည် - (က) ပြည်နယ်တိုင်ကြားချက်တစ်ခုနှင့် စပ်လျဉ်း၍ သာမန်မဟုတ်သော အခြေအနေများ ရှိနေခြင်း သို့မဟုတ် (ခ) ကြားဝင်စေ့စပ်ပေးခြင်းဖြင့် ကိစ္စကို ဖြေရှင်းရန်အတွက် အချိန်ကိုထပ်တိုးရန် မိဘနှင့် ပါဝင်ပတ်သက်သော ကျောင်းခရိုင် သို့မဟုတ် အခြားအများပြည်သူ အေဂျင်စီက ဆန္ဒအလျောက် သဘောတူခြင်း။
2. လိုအပ်ပါက အောက်ပါတို့ အပါအဝင် *MDE* ၏ အပြီးသတ်ဆုံးဖြတ်ချက်ကို ကောင်းစွာ အကောင်အထည်ဖော်ရန်အတွက် လုပ်ငန်းစဉ်များ ပါဝင်ရပါမည် - (က) နည်းပညာဆိုင်ရာ အကူအညီပေးသည့် လုပ်ဆောင်မှုများ (ခ) ညှိနှိုင်းမှုများနှင့် (ဂ) လိုက်နာမှုကို ဖြစ်စေရန် ပြင်ဆင်လုပ်ဆောင်ချက်များ။

**ပြည်နယ်တိုင်ကြားချက်များနှင့် တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြားနာခြင်းများ**

**တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်အား**

**တိုင်ကြားခြင်း** ခေါင်းစဉ်အောက်တွင် ဖော်ပြထားသည့်အတိုင်း စာဖြင့်ရေးသားထားသော ပြည်နယ်တိုင်ကြားချက်တစ်ခုကို လက်ခံရရှိပြီး ယင်းသည် တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြားနာခြင်း၏ အကြောင်းအရာလည်း ဖြစ်ပါက သို့မဟုတ် ပြည်နယ်တိုင်ကြားချက်တွင် ကိစ္စရပ်များစွာ ပါဝင်ပြီး ယင်းတို့၏ တစ်ခုနှင့်အထက်သည် အဆိုပါ ကြားနာမှုတစ်ခု၏ အစိတ်အပိုင်း ဖြစ်ပါက ပြည်နယ်သည် ကြားနာမှု မပြီးဆုံးမီအထိ ပြည်နယ်တိုင်ကြားချက် သို့မဟုတ် တရားဝင်လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြားနာခြင်းတွင် ဖော်ပြထားသော ပြည်နယ်တိုင်ကြားချက်၏ မည်သည့်အစိတ်အပိုင်းကိုမဆို ဘေးဖယ်ထားရပါမည်။ ပြည်နယ်တိုင်ကြားချက်တွင် ပါဝင်ပြီး တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြားနာမှု၏ အစိတ်အပိုင်းမဟုတ်သော မည်သည့်ကိစ္စကိုမဆို အထက်တွင် ဖော်ပြထားသော အချိန်အကန့်အသတ်နှင့် လုပ်ငန်းစဉ်များကို အသုံးပြု၍ ဖြေရှင်းရမည် ဖြစ်ပါသည်။

ပြည်နယ်တိုင်ကြားချက်တစ်ခုတွင် ပါဝင်သော ကိစ္စရပ်တစ်ခုကို တူညီသော အဖွဲ့အစည်းများ (သင်နှင့် ကျောင်းခရိုင်) ပါဝင်သော တရားဝင်လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြားနာမှုတစ်ခုတွင် ဆုံးဖြတ်ထားပြီး ဖြစ်ပါက ယင်းကိစ္စတွင် တရားဝင်လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြားနာမှု ဆုံးဖြတ်ချက်ကို လိုက်နာရမည်ဖြစ်ပြီး ဆုံးဖြတ်ချက်ကို လိုက်နာကြောင်း *MDE* က တိုင်ကြားသူကို အသိပေးရမည် ဖြစ်ပါသည်။

တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြားနာမှု ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ရန် ကျောင်းခရိုင် သို့မဟုတ် အခြား အများပြည်သူ အေဂျင်စီက ပျက်ကွက်ကြောင်း စွပ်စွဲထားသော တိုင်ကြားချက်တစ်ခုကို *MDE* က ဖြေရှင်းရမည် ဖြစ်ပါသည်။

## ပြည်နယ်ဆိုင်ရာ တိုင်ကြားမှုတစ်ခု ပြုလုပ်ခြင်း

**34 *CFR* §300.153**

အဖွဲ့အစည်းတစ်ခု သို့မဟုတ် တစ်ဦးတစ်ယောက်သည် အထက်တွင် ဖော်ပြထားသည့် လုပ်ငန်းစဉ်များအတိုင်း စာဖြင့်ရေးသားထားသော ပြည်နယ်ဆိုင်ရာ တိုင်ကြားမှုတစ်ခု ပြုလုပ်နိုင်သည်။

ပြည်နယ်ဆိုင်ရာ တိုင်ကြားမှုသည် အောက်ပါတို့ မဖြစ်မနေ ပါဝင်ရမည် -

1. ကျောင်းခရိုင် တစ်ခု သို့မဟုတ် အခြား အများပြည်သူလူထု အေဂျင်စီ မှ ချိုးဖောက်ထားသာ ကြေညာစာ တစ်ခု -
    a. အထူး ပညာရေးအတွက် စီမံခန့်ခွဲရေး စည်းမျဉ်းများအတွက် လက်ရှိ မည်သည့် ထောက်ခံချက် တစ်ခု မဆို။

b. 1976 *PA* [*Public Act* – အများပြည်သူ အက်ဥပဒေ] 451၊ *MCL* [*Michigan Compiled Laws* – မီချီဂန် စုစည်းထားသော ဥပဒေများ] 380.1 et seq.၊ ၎င်းသည် အထူး ပညာရေး အစီအစဉ်များနှင့် ဝန်ဆောင်မှုများ နှင့် ဆက်စပ်သည့်အတွက်။
c. ၂၀၀၄ ခုနှစ် မသန်စွမ်းမှု ရှိသူများ ပညာရေး အက်ဥပဒေ၊ 20 *U.S.C.* ၊ အခန်း ၃၃ ၊ §1400 et seq. နှင့် အက်ဥပဒေကို လက်တွေ့ အကောင်အထည်ဖော်သော နည်းဥပဒေများ 34 *C.F.R.* အပိုင်း 300 နှင့် 34 *C.F.R.* အပိုင်း 303 ကြေညာချက်တွင် အခြေခံဖော်ပြထားသော အချက်များ။
d. အလယ်တန်းကျောင်း ခရိုင်တစ်ခု စီမံကိန်း။
e. တစ်ဦးချင်းစီအတွက် ပြုလုပ်ထားသော ပညာရေး အစီအစဉ် အဖွဲ့ အစီရင်ခံစာ၊ ကြားနာသည့် ရုံး ဆုံးဖြတ်ချက်၊ သို့မဟုတ် အထူး ပညာရေး အစီအစဉ်များ သို့မဟုတ် ဝန်ဆောင်မှုများအတွက် တရားရုံး ဆုံးဖြတ်ချက်။ သို့မဟုတ်
f. *IDEA* အောက်ရှိ ပြည်ထောင်စု ရန်ပုံငွေအတွက် ပြည်နယ် လျှောက်လွှာ။

2. လက်မှတ် နှင့် တိုင်ကြားသူ၏ ဆက်သွယ်ရန် လိပ်စာ။ နှင့်
3. အကယ်၍ စွပ်စွဲထားသော ချိုးဖောက်မှုများသည် ကလေး တစ်ဦးတစ်ယောက်တည်းကို ဦးတည်ပါက -
    a. ကလေး၏ နာမည် နှင့် ကလေး၏ နေရပ်လိပ်စာ။
    b. ကလေး တက်ရောက်နေသော ကျောင်း၏ နာမည်။
    c. အိမ်ယာမဲ့ ကလေး သို့မဟုတ် လူငယ် ဖြစ်ပါက ကလေးအတွက် ရရှိနိုင်သော ဆက်သွယ်ရန် အချက်အလက် နှင့် ကလေးတက်ရောက်နေသော ကျောင်း၏ နာမည်။
    d. ပြဿနာနှင့် ဆက်စပ်နေသော အချက်အလက်များ အပါအဝင် ကလေး၏ ပြဿနာအတွက် ဖော်ပြချက်။ နှင့်
    e. တိုင်ကြားမှု ပြုလုပ်နေစဉ် တိုင်ကြားထားသော ပါတီအတွက် ရရှိနိုင်သော ပြဿနာအတွက် စဉ်းစားနိုင်သမျှ အဆိုပြုထားသော ဖြေရှင်းချက်။

တိုင်ကြားမှုသည် *MDE* သို့မဟုတ် *ISD* [*Intermediate School District* – အလယ်တန်း ကျောင်းခရိုင်] မှ လက်ခံရရှိသည့် ရက်မှ တစ်နှစ်ထက် မကျော်လွန်သေးသည့် အချိန်တွင် ဖြစ်ပွားခဲ့သည့် ချိုးဖောက်မှု ဖြစ်ရမည်။

တိုင်ကြားမှု ပြုလုပ်သော ပါတီသည် *OSE* ဖြင့် တိုင်ကြားမှု ပြုလုပ်သည့် အချိန်မှာပင် တိုင်ကြားစာ မိတ္တူတစ်စောင် ကို ကလေးအား သင်ကြားနေသည့် ကျောင်းခရိုင် သို့မဟုတ် အများပြည်သူလူထု အေဂျင်စီထံသို့ ပေးပို့ရမည်။

ပြည်နယ်ဆိုင်ရာ တိုင်ကြားမှု တစ်ခု ပြုလုပ်ရာတွင် အထောက်အကူ ဖြစ်စေရန် *MDE* သည် နမူနာ ဖောင်တစ်ခု ပြုလုပ်ထားသည်။ နမူနာ ဖောင်ကို *OSE* ဝက်ဘ်ဆိုက်

(*www.michigan.gov/specialeducation*) တွင် ရရှိနိုင်သည်။ နမူနာ ဖောင်ကို အသုံးပြုရန် မလိုအပ်ပါ။ သို့သော်လည်း တိုင်ကြားစာသည် ပြည်နယ်ဆိုင်ရာ တိုင်ကြားမှု ပြုလုပ်ခြင်းအတွက် လိုအပ်သော အချက်များ ပါဝင်ရမည်။ (အထက်ရှိ ၁ - ၄ အထိ ကြည့်ပါ)။

# တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက် လုပ်ငန်းစဉ်

## တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်တစ်ခုကို ပြုလုပ်ခြင်း

**34 *CFR* §300.507**

**အထွေထွေ**

သင့်ကလေးအတွက် အမှတ်လက္ခဏာဖော်ထုတ်မှု၊ စောင့်ကြည့်လေ့လာမှု သို့မဟုတ် ပညာရေးအရ နေရာထားရှိမှုကို ပြောင်းလဲရန် သို့မဟုတ် စတင်လုပ်ဆောင်ရန် နှင့် သက်ဆိုင်သော အဆိုပြုလွှာ သို့မဟုတ် ငြင်းပယ်မှု နှင့် သက်ဆိုင်သော မည်သည့် ကိစ္စမဆို သို့မဟုတ် သင့် ကလေးအတွက် *FAPE* ၏ ထောက်ပံ့မှု နှင့် သက်ဆိုင်သော မည်သည့်ကိစ္စအတွက် မဆို သင် သို့မဟုတ် ကျောင်းခရိုင်သည် ဥပဒေအရ အခွင့်အရေးရှိသည့်အတိုင်း တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်တစ်ခုကို ပြုလုပ်နိုင်သည်။

တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်သည် သင် သို့မဟုတ် ကျောင်းခရိုင် မှ သိရှိထားသည်မှာ သို့မဟုတ် တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်၏ အခြေခံကို ဖြစ်စေသည့် စွပ်စွဲထားသည့် လုပ်ဆောင်မှုကို သိရှိထားသင့်သည်မှာ ၂ နှစ်ထက် မကြာသေးသည့် စွပ်စွဲချက် ဖြစ်ရမည်။

အောက်ပါ အကြောင်းများကြောင့် သတ်မှတ်ထားသည့် အချိန်အတွင်း တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်တစ်ခုကို မပြုလုပ်နိုင်ပါက အထက်ပါ ကာလ ကန့်သတ်ချက် မသက်ရောက်ပါ -

1. ကျောင်းခရိုင်သည် တိုင်ကြားစာထဲတွင် ဖော်ပြထားသော ကိစ္စရပ်ကို ဖြေရှင်းခဲ့ပြီးပြီဟု လွဲမှားစွာ တင်ပြခဲ့ပါက သို့မဟုတ်
2. *IDEA* ၏ အပိုင်း ခ သို့မဟုတ် အပိုင်း ဂ အရ သင့်ကို ထောက်ပံ့ရန် လိုအပ်သည့် သတင်းအချက်အလက်များကို ကျောင်းခရိုင်က သင့်ကို မပေးအပ်လျှင်။

**မိဘများအတွက် သတင်းအချက်အလက်များ**

သင်က သတင်းအချက်အလက်များ တောင်းခံသည့် အခါ သို့မဟုတ် သင့် သို့မဟုတ် ကျောင်းခရိုင်က တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်တစ်ခု ပြုလုပ်သည့်အခါ တွင် ကျောင်းခရိုင်သည် ဒေသတွင် ရရှိနိုင်သည့် အခမဲ့ သို့မဟုတ် ကုန်ကျစားရိတ်နည်းသော ဥပဒေ နှင့် အခြား သက်ဆိုင်သော ဝန်ဆောင်မှုများအကြောင်း ကို ကျောင်းခရိုင်က သင့်ကို အသိပေးရမည်။

## တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်

**34 *CFR* §300.508**

**အထွေထွေ**

ကြားနာမှု တစ်ခုကို တောင်းခံရန် အတွက် သင် သို့မဟုတ် ကျောင်းခရိုင် (သို့မဟုတ် သင့် ရှေ့နေ သို့မဟုတ် ကျောင်းခရိုင်၏ ရှေ့နေ) သည် *MDE* နှင့် တကွ တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်တစ်ခုကို တင်သွင်းရမည် ဖြစ်ပြီး မိတ္တူတစ်စုံကို အခြား ပါတီသို့ ပေးရမည်။ တိုင်ကြားစာသည် အောက်တွင် ဖော်ပြထားသော အကြောင်းအရာအားလုံး ပါရှိရမည်ဖြစ်ပြီး လျှို့ဝှက်အဖြစ် ထားရှိရမည်။

**တိုင်ကြားစာပါ အကြောင်းအရာများ**

တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်တွင် အောက်ပါတို့ ပါဝင်ရမည် -

1. ကလေး အမည်။
2. ကလေး၏ နေထိုင်ရာ လိပ်စာ။
3. ကလေး၏ ကျောင်း အမည်။
4. ကလေးသည် အိမ်ခြေမဲ့ ကလေး သို့မဟုတ် လူငယ် ဖြစ်ပါက ကလေး၏ ဆက်သွယ်ရန် အချက်အလက်နှင့် ကလေး၏ ကျောင်းအမည်။
5. ပြဿနာနှင့် သက်ဆိုင်သော အချက်အလက်များ အပါအဝင် အဆိုပြုသည့် လုပ်ဆောင်ချက် သို့မဟုတ် ငြင်းပယ်သည့် လုပ်ဆောင်ချက်နှင့် သက်ဆိုင်သော ကလေး၏ ပြဿနာ သဘောသဘာဝ ဖော်ပြချက်။ နှင့်
6. ထိုအချိန်တွင် သင် သို့မဟုတ် ကျောင်းခရိုင်မှ ပြဿနာအတွက် သိရှိပြီး ရရှိနိုင်သမျှ အဆိုပြုထားသော ဖြေရှင်းချက်။

**တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်အတွက် ကြားနာမှု တစ်ခု မတိုင်ခင် နို့တစ်စာ လိုသည်။**

သင် သို့မဟုတ် ကျောင်းခရိုင် (သို့မဟုတ် သင့် ရှေ့နေ သို့မဟုတ် ကျောင်းခရိုင်၏ ရှေ့နေ) မှ အထက်တွင် ဖော်ပြထားသည့် သတင်းအချက်အလက်များ ပါဝင်သည့် တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်ကို သင့်လျော်စွာ တင်သွင်းခြင်း မပြုသည့်တိုင် သင် သို့မဟုတ် ကျောင်းခရိုင်သည် တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြားနာခြင်း မရရှိနိုင်ပါ။ *MDE* နှင့် တခြားပါတီမှ တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်ကို လက်ခံရရှိသည့်အခါတွင် တိုင်ကြားစာကို သင့်လျော်စွာ တင်သွင်းပါသည်။

**တိုင်ကြားချက်၏ လုံလောက်မှု**

တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်တစ်ခုကို ရှေ့ဆက်လုပ်ဆောင်ရန် အတွက် ၎င်းတိုင်ကြားစာသည် လုံလောက်သည်ဟု မဖြစ်မနေ သတ်မှတ်ခံရမည်။ တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်ကို လက်ခံရရှိသည့် ပါတီ (သင် သို့မဟုတ် ကျောင်းခရိုင်)က တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်သည် အထက်တွင် ဖော်ပြထားသည့် အကြောင်းအရာများနှင့် ပြည့်စုံခြင်း မရှိဟု ယုံကြည်ကြောင်းကို ပြက္ခဒိန်ရက် ၁၅ ရက်အတွင်း တိုင်ကြားစာ လက်ခံရရှိသည့် ပါတီမှ *ALJ* နှင့် အခြားပါတီကို စာဖြင့် အကြောင်းကြားသည်မှလွဲ၍ တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်ကို လုံလောက်သည်ဟု သတ်မှတ်ခံရမည် (အထက်တွင် ဖော်ပြခဲ့သည် အကြောင်းအရာများနှင့် ပြည့်စုံသည်)။

တိုင်ကြားစာ လက်ခံ ရရှိသည့် ပါတီ (သင် သို့မဟုတ် ကျောင်းခရိုင်) မှ တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်ကို လုံလောက်မှု မရှိဟု အသိပေးပြီး ပြက္ခဒိန်ရက် ၅ ရက်အတွင်း *ALJ* သည် တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်သည် အထက်တွင် ဖော်ပြထားသည့် လိုအပ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ ကို ဆုံးဖြတ်ပြီး သင် နှင့် ကျောင်းခရိုင်ကို စာဖြင့် ချက်ချင်း အကြောင်းကြားရမည်။

**တိုင်ကြားစာ ဖြည့်စွက်ပြင်ဆင်ချက်**

သင် သို့မဟုတ် ကျောင်းခရိုင်သည် တိုင်ကြားစာကို အောက်ပါ အခြေအနေများတွင်သာ ပြင်ဆင်နိုင်သည် -

1. အခြား ပါတီသည် ပြင်ဆင်ချက်များကို စာဖြင့် သဘောတူပြီး အောက်တွင် ဖော်ပြထားသော ဖြေရှင်းရေး အစည်းအဝေးမှ တဆင့် တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်ကို ဖြေရှင်းရန် အခွင့်အရေး ရရှိမှသာ။ သို့မဟုတ်
2. တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြားနာခြင်း မစတင်ခင် ၅ ရက်ထက် နောက်မကျစေဘဲ *ALJ* မှ ပြင်ဆင်ချက်များအတွက် ခွင့်ပြုသည့်အခါ။

အကယ်၍ တိုင်ကြားသည့် ပါတီ (သင် သို့မဟုတ် ကျောင်းခရိုင်) သည် တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်ကို ပြင်ဆင်မှုများ ပြုလုပ်သည့်အခါ ဖြေရှင်းရေး အစည်းအဝေး အတွက် ကာလကန့်သတ်ချက် (တိုင်ကြားစာကို လက်ခံ ရရှိသည့် နေ့မှ ၁၅ ရက်အတွင်း) နှင့် ဖြေရှင်းချက် (တိုင်ကြားစာကို လက်ခံရရှိသည့်နေ့မှ ရက် ၃၀ အတွင်း) သည် တိုင်ကြားစာ ပြင်ဆင်ချက်ကို တင်သွင်းသည့် နေ့မှစ၍ ပြန်လည်ရေတွက်မည်။

**ကျောင်းခရိုင်မှ တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်ကို တုံ့ပြန်ခြင်း**

ကျောင်းခရိုင်သည် **ကြိုတင်စာဖြင့်ရေးသား အသိပေးချက်** ခေါင်းစဉ်အောက်တွင် ဖော်ပြထားသော စာဖြင့် ကြိုတင်စာဖြင့်ရေးသား အသိပေးချက်ကို သင့်ထံသို့ မပေးပို့ခဲ့ပါက တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်ကို လက်ခံ ရရှိသည့်နေ့မှ ၁၀ ရက်အတွင်း ကျောင်းခရိုင်သည် သင်၏ တရားဝင်

လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်တွင် ပါဝင်သော အကြောင်းအရာနှင့် သက်ဆိုင်သော အောက်ပါ အချက်များ ပါဝင်သည့် တုံ့ပြန်စာ တစ်စောင်ကို ပေးပို့ရမည်။

1. တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်တွင် ဖော်ပြထားသော ကိစ္စရပ်အတွက် အရေးယူ ဆောင်ရွက်ရန် အဆိုပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း အဘယ်ကြောင့် ပြုလုပ်ခဲ့သနည်း ဟူသည့် ရှင်းပြချက်၊
2. သင့်ကလေး၏ *IEP* အဖွဲ့မှ စဉ်းစားခဲ့သော အခြား ရွေးချယ်စရာများနှင့် ၎င်းတို့ကို ငြင်းပယ်ခဲ့ရသည့် အကြောင်းများကို ဖော်ပြချက်၊
3. အဆိုပြုသည့် သို့မဟုတ် ငြင်းပယ်သည့် လုပ်ဆောင်မှုအတွက် ကျောင်းခရိုင်မှ အသုံးပြုခဲ့သည့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်၊ အကဲဖြတ်မှု၊ မှတ်တမ်း သို့မဟုတ် အစီရင်ခံစာ ဖော်ပြချက်နှင့်
4. ကျောင်း ခရိုင်၏ အဆိုပြုထားသော သို့မဟုတ် ငြင်းပယ်ထားသော လုပ်ဆောင်မှုနှင့် ဆက်စပ်သော အခြား အချက်အလက်များ ဖော်ပြချက်။

အမှတ်စဉ် ၁ - ၄ တွင် ဖော်ပြထားသော သတင်းအချက်အလက်များ ထောက်ပံ့ပေးခြင်းသည် ကျောင်းခရိုင်က သင်၏ တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်ကို မလုံလောက်ဟု အခိုင်အမာ ပြောဆိုခြင်းမှ ကာကွယ်မပေးပါ။

**တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်တစ်ခုကို အခြား ပါတီမှ တုံ့ပြန်သည်**

အထက်ရှိ **ကျောင်းခရိုင်မှ တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်တစ်ခုကို တုံ့ပြန်ခြင်း** ခေါင်းစဉ်ခွဲတွင် ဖော်ပြထားသည့် အတိုင်းမှလွဲ၍ တိုင်ကြားစာကို လက်ခံ ရရှိသည့် ပါတီသည် တိုင်ကြားစာကို လက်ခံ ရရှိသည့် ရက်မှ ပြက္ခဒိန်ရက် ၁၀ ရက်အတွင်း တိုင်ကြားစာရှိ ကိစ္စအား ညွှန်းဆိုသော တုံ့ပြန်မှု ကို အခြား ပါတီသို့ ပေးပို့ရမည်။

## နမူနာ ဖောင်များ

### 34 *CFR* §300.509

သင် တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်တစ်ခု တင်သွင်းရာတွင် ကူညီရန်အတွက် *MDE* သည် နမူနာ ဖောင်တစ်ခု ပြုလုပ်ထားသည်။ *MDE* နမူနာ ဖောင်ကို အသုံးပြုရန် မလိုအပ်ပါ။ သို့သော်လည်း တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်တွင် တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်တစ်ခု တင်သွင်းရန်အတွက် လိုအပ်သော သတင်းအချက်အလက်များ ပါဝင်ရမည်။ နမူနာ ဖောင်ကို OSE ဝက်ဘ်ဆိုက် (*www.michigan.gov/specialeducation*) တွင် ရရှိနိုင်သည်။

(မှတ်ချက် - အခြားပါတီမှ တိုင်ကြားစာ၏ လုံလောက်မှုကို ကန့်ကွက်ပါက နမူနာ ဖောင် အသုံးပြုမှုသည် *ALJ* မှ တိုင်ကြားစာကို လုံလောက်သည်ဟု သတ်မှတ်မည်ဟု အာမခံခြင်း မဟုတ်ပါ။)

## တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်နှင့် ကြားနာမှုများ ဆိုင်းငံ့ထားစဉ် ကလေး၏ နေရာချထားမှု

**34 *CFR* §300.518**

**မသန်စွမ်း ကလေးသူငယ်များကို စည်းကမ်းထိန်းချုပ်စဉ် လုပ်ငန်းစဉ်များ** ခေါင်းစဉ်တွင် ဖော်ပြထားသည်မှ လွဲ၍ *MDE* နှင့် တကွ တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက် တင်သွင်းပြီး အခြားပါတီမှ လက်ခံရရှိသည်နှင့် တပြိုင်နက် သင်နှင့် ကျောင်းခရိုင်မှ အခြားနည်းကို သဘောတူသည်မှ လွဲ၍ ဖြေရှင်းချက် လုပ်ငန်းစဉ်ကာလနှင့် ဘက်မလိုက်သော မည်သည့် တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြားနာခြင်း သို့မဟုတ် တရားခွင်၏ ဆုံးဖြတ်မှုကို စောင့်ဆိုင်းနေစဉ် ကာလပတ်များတွင် သင့် ကလေး၏ ပညာသင်ကြားမှု ဆိုင်ရာ နေရာသည် လက်ရှိ နေရာတွင်ပင် ရှိနေရမည် ဖြစ်သည်။

အကယ်၍ တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်သည် အများပြည်သူလူထု ကျောင်းများသို့ ကြိုတင် လျှောက်လွှာတင်သွင်းမှု ပါဝင်ပါက အဆိုပါ လုပ်ငန်းစဉ်အားလုံး ပြီးဆုံးသည် အထိ သင်၏ သဘောတူညီချက်ဖြင့် သင့်ကလေးကို သာမန် အများပြည်သူကျောင်း အစီအစဉ်တွင် ထားရှိသွားမည်။

အကယ်၍ တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်သည် *IDEA* အပိုင်း ဂ အောက်တွင် ဝန်ဆောင်မှု ရနေသည်မှ *IDEA* အပိုင်း ခ သို့ ကူးပြောင်းနေသော ကလေးနှင့် အသက် ၃ နှစ် ပြည့်သွားသောကြောင့် အပိုင်း ဂ ဝန်ဆောင်မှုများ ဆက်လက် မရရှိနိုင်တော့သော ကလေးအတွက် *IDEA* ၏ အပိုင်း ခ ဝန်ဆောင်မှုများအတွက် ကြိုတင်လျှောက်ထားမှု ပါဝင်ပါက ကျောင်းခရိုင်သည် ကလေး လက်ရှိ ရရှိနေသော အပိုင်း ဂ ဝန်ဆောင်မှုများကို ဆက်လက်ထောက်ပံ့ရန် မလိုအပ်ပါ။ အကယ်၍ ကလေးသည် *IDEA* ၏ အပိုင်း ခ အောက်တွင် ရရှိနိုင်ကြောင်း တွေ့ရှိပြီး ကလေး မှ အထူး ပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများကို ပထမဆုံးအကြိမ် လက်ခံရရှိရန် သင် သဘောတူပါက လုပ်ငန်းစဉ်များ ဆိုင်းငံ့နေစေကာမူ အငြင်းပွားမှု မရှိသော (သင်နှင့် ကျောင်းခရိုင် ၂ ခုလုံး သဘောတူသာ) အထူး ပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများကို ကျောင်းခရိုင်မှ ထောက်ပံ့ရမည်။

## ဖြေရှင်းချက် လုပ်ငန်းစဉ်

**34 *CFR* §300.510**

### ဖြေရှင်းချက် အစည်းအဝေး

ကျောင်းခရိုင်သည် သင်၏ တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်တွင် ဖော်ပြထားသာ အချက်များအတွက် တိကျသော သိရှိမှု ရှိသည့် သက်ဆိုင်သော အဖွဲ့ဝင် သို့မဟုတ် *IEP* အဖွဲ့ဝင်များ နှင့် သင် ပါဝင်သော ဖြေရှင်းချက် အစည်းအဝေး တစ်ခုကို ကျင်းပရမည်။ ဖြေရှင်းချက် အစည်းအဝေးကို *MDE* နှင့် တကွ တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်ကို တင်သွင်းပြီး ကျောင်းခရိုင်မှ လက်ခံရရှိပြီး ပြက္ခဒိန် ရက်

၁၅ ရက် အတွင်း ကျင်းပရမည်။ ဖြေရှင်းချက် အစည်းအဝေး မပြီးဆုံးမချင်း တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြားနာခြင်းကို မစတင်နိုင်ပါ။ အစည်းအဝေးသည် -

1. ကျောင်းခရိုင်ကိုယ်စား ဆုံးဖြတ်ချက် ချခွင့်ရှိသော ကျောင်းခရိုင်မှ ကိုယ်စားလှယ် တစ်ဦး မဖြစ်မနေ ပါဝင်ရမည် ဖြစ်ပြီး
2. သင့်တွင် လိုက်ပါဆောင်ရွက်သော ရှေ့နေတစ်ယောက် မပါမချင်း ကျောင်းခရိုင်၏ ရှေ့နေထည့်သွင်းခြင်း မပြုရပါ။

သင်နှင့် ကျောင်းခရိုင်သည် အစည်းအဝေးတက်ရန် သင့်လျော်သော *IEP* အဖွဲ့ဝင်များကို ဆုံးဖြတ်နိုင်သည်။

အစည်းအဝေး၏ ရည်ရွယ်ချက်သည် သင့်အတွက် သင်၏ တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်အကြောင်းနှင့် တိုင်ကြားစာ အခြေခံဖြစ်ပေါ်သည့် အချက်များကို ဆွေးနွေးရန် ဖြစ်ပြီး ထိုမှသာ ကျောင်းခရိုင်သည် အငြင်းပွားမှုကို ဖြေရှင်းရန် အခွင့်အလမ်းရှိမည် ဖြစ်သည်။

အကယ်၍ အောက်ပါအခြေအနေများတွင် ဖြေရှင်းချက် အစည်းအဝေး မလိုအပ်ပါ -

1. အစည်းအဝေးကို ဖျက်သိမ်းရန် သင်နှင့် ကျောင်းခရိုင်မှ စာဖြင့် သဘောတူလျှင် သို့မဟုတ်
2. **ကြားဝင်စေ့စပ်ပေးခြင်း** ခေါင်းစဉ်အောက်တွင် ဖော်ပြထားသည့်အတိုင်း သင်နှင့် ကျောင်းခရိုင်သည် ကြားဝင်စေ့စပ်ပေးခြင်း လုပ်ငန်းစဉ်ကို အသုံးပြုရန် သဘောတူလျှင်။

**ဖြေရှင်းချက် ကာလ**

အကယ်၍ ကျောင်းခရိုင်သည် တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက် လက်ခံရရှိသည့်နေ့မှ ရက် ၃၀ အတွင်း (ဖြေရှင်းချက် လုပ်ငန်းစဉ်အတွင်း ကာလ) သင် စိတ်ကျေနပ်အောင် ဖြေရှင်းနိုင်ခြင်း မရှိပါက တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြားနာခြင်း ပေါ်ပေါက်ကောင်း ပေါ်ပေါက်လာနိုင်သည်။

အောက်တွင် ဖော်ပြထားသည့် ဖြေရှင်းချက် ပြက္ခဒိန် ရက် ၃၀ ကာလသို့ ပြင်ဆင်ချက်များအတွက် သတ်မှတ်ထားသော ချွင်းချက်များမှလွဲ၍ အပြီးသတ် ဆုံးဖြတ်ချက် ထုတ်ပေးရန်အတွက် ပြက္ခဒိန်ရက် ၄၅ ရက် ကာလသည် ဖြေရှင်းချက် ပြက္ခဒိန်ရက် ၃၀ ကုန်ဆုံးသည့် အချိန်တွင် စတင်သည်။

သင်နှင့် ကျောင်းခရိုင် ၂ခုလုံး ဖြေရှင်းချက် လုပ်ငန်းစဉ်ကို ပယ်ဖျက်ရန် သဘောတူသည် သို့မဟုတ် ကြားဝင်စေ့စပ်ပေးခြင်းကို အသုံးပြုရန် သဘောတူသည်မှ လွဲ၍ ဖြေရှင်းချက် အစည်းအဝေးတွင် ပါဝင်ရန် သင့်ဘက်မှ ပျက်ကွက်ခြင်းသည် ဖြေရှင်းချက် နှင့် တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြားနာခြင်း ကာလများကို သင့်ဘက်မှ အစည်းအဝေးတွင် မပါဝင်မချင်း နှောင့်နှေးစေလိမ့်မည်ဖြစ်သည်။

အကယ်၍ ကျောင်းခရိုင်သည် သင့်လျော်သော ကြိုးပမ်းမှုများနှင့် ထိုသို့ အားထုတ်မှုများအတွက် မှတ်တမ်းများ ပြုလုပ်ပြီးသောလည်း သင့်ကို ဖြေရှင်းချက် အစည်းအဝေးသို့ တက်ရောက်ရန်

မလုပ်ဆောင်နိုင်ပါက ဖြေရှင်းချက် ပြက္ခဒိန် ရက် ၃၀ ပြည့်သည့်အချိန်တွင် ကျောင်းခရိုင်သည် *ALJ* သို့ သင့် တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်ကို ပယ်ဖျက်စေရန် တောင်းဆိုကောင်း တောင်းဆိုနိုင်သည်။ ထိုသို့ ကြိုးပမ်းအားထုတ်မှုများတွင် အောက်ပါကဲ့သို့ ကျောင်းခရိုင်မှ ၂ဖက် သဘောတူသော အချိန်နှင့် နေရာ စီစဉ်ရန် ကြိုးပမ်းအားထုတ်မှု မှတ်တမ်းတစ်ခု ပါဝင်ရမည် -

1. ခေါ်ဆိုထားသော သို့မဟုတ် ဆက်သွယ်ရန် ကြိုးပမ်းထားသော ဖုန်းခေါ်ဆိုမှုများ၏ အသေးစိတ် မှတ်တမ်းများနှင့် ၎င်းတို့၏ ရလဒ်များ၊
2. သင့်ထံသို့ ပေးပို့ထားသော ပေးစာများနှင့် လက်ခံရရှိသော ပြန်စာများနှင့်
3. သင့် နေအိမ် သို့မဟုတ် အလုပ်နေရာသို့ လာရောက်မှုများ၏ အသေးစိတ် မှတ်တမ်းများနှင့် ထိုသို့ လာရောက်မှုများ၏ ရလဒ်များ။

အကယ်၍ ကျောင်းခရိုင်သည် ဖြေရှင်းချက် အစည်းအဝေးကို သင့် တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်၏ နို့တစ် လက်ခံရရှိပြီး ပြက္ခဒိန်ရက် ၁၅ ရက်အတွင်း ကျင်းပရန် ပျက်ကွက်ပါက သို့မဟုတ် ဖြေရှင်းချက် အစည်းအဝေးတွင် ပါဝင်ရန် ပျက်ကွက်ပါက သင်သည် *ALJ* ထံသို့ တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြားနာခြင်း ပြက္ခဒိန် ရက် ၄၅ ရက် ကာလ စတင်ရန် တောင်းဆိုနိုင်သည်။

**ဖြေရှင်းချက် ပြက္ခဒိန် ရက် ၃၀ ကာလသို့ ပြင်ဆင်ချက်များ**

အကယ်၍ သင်နှင့် ကျောင်းခရိုင် ၂ ခုစလုံးသည် ဖြေရှင်းချက် အစည်းအဝေးကို ဖျက်သိမ်းရန် စာဖြင့် သဘောတူကြလျှင် တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြားနာခြင်း ပြက္ခဒိန်ရက် ၄၅ ရက် ကာလသည် နောက်နေ့တွင် စတင်သည်။

ကြားဝင်စေ့စပ်ပေးခြင်း သို့မဟုတ် ဖြေရှင်းချက် အစည်းအဝေး စတင်ပြီးနောက် နှင့် ဖြေရှင်းချက် ပြက္ခဒိန် ရက် ၃၀ ကာလ မကုန်ခင် ကာလတွင် သင် နှင့် ကျောင်းခရိုင်သည် သဘောတူညီချက်ရရန် မဖြစ်နိုင်ကြောင်း ၂ ဘက်စလုံး စာဖြင့် သဘောတူကြလျှင် တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြားနာခြင်း ပြက္ခဒိန်ရက် ၄၅ ရက် ကာလသည် နောက်နေ့တွင် စတင်သည်။

အကယ်၍ ဖြေရှင်းချက် ပြက္ခဒိန် ရက် ၃၀ ပြည့်ပြီးသည့်နောက် သင်နှင့် ကျောင်းခရိုင်သည် ကြားဝင်စေ့စပ်ပေးခြင်း လုပ်ငန်းစဉ်ကို အသုံးပြုရန် သဘောတူကြလျှင် နှစ်ဖက်စလုံးသည် သဘောတူညီချက် တစ်ခု မရမချင်း ဆက်လက်ဖျန်ဖြေကြရန် စာဖြင့် သဘောတူနိုင်သည်။ သို့သော်ငြားလည်း သင် သို့မဟုတ် ကျောင်းခရိုင် မည်သူမဆို ကြားဝင်စေ့စပ်ပေးခြင်း လုပ်ငန်းစဉ်မှ နောက်ပိုင်းတွင် နုတ်ထွက်လျှင် တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြားနာခြင်း ပြက္ခဒိန်ရက် ၄၅ ရက် ကာလသည် နောက်နေ့တွင် စတင်သည်။

**စာဖြင့် ပြေငြိမ်းကြောင်း သဘောတူညီချက်**

အကယ်၍ ဖြေရှင်းချက် အစည်းအဝေးတွင် အငြင်းပွားမှုတစ်ခုအတွက် ဖြေရှင်းချက် တစ်ခု ရရှိလျှင် သင်နှင့် ကျောင်းခရိုင်သည် အောက်ပါ ဥပဒေအရ လိုက်နာရမည်ဖြစ်သော သဘောတူညီမှုတစ်ခု ပါဝင်ရမည် -

1. သင်နှင့် ကျောင်းခရိုင်ကို လိုက်နာစေရန် လုပ်ပိုင်ခွင့်ရှိသော ကျောင်းခရိုင်၏ ကိုယ်စားလှယ်တို့ လက်မှတ်ရေးထိုးထားပြီး
2. သင့်လျော်သည့် အခွင့်အာဏာရှိသော မည်သည့် ပြည်နယ် တရားရုံးတွင် မဆို (ဤကိစ္စ အမျိုးအစားကို ကြားနာခွင့်ရှိသော ပြည်နယ် တရားရုံး) သို့မဟုတ် အမေရိကန် ပြည်ထောင်စု၏ ခရိုင် တရားရုံးတစ်ခုတွင် လိုက်နာစေနိုင်သော

**သဘောတူညီချက် လေ့လာသုံးသပ်မှု ကာလ**

အကယ်၍ သင်နှင့် ကျောင်းခရိုင်သည် ဖြေရှင်းချက် အစည်းအဝေးတစ်ခု၏ ရလဒ်အရ သဘောတူညီချက် ရရှိပါက မည်သည့် ပါတီ မဆို (သင် သို့မဟုတ် ကျောင်းခရိုင်သည်) သင် နှင့် ကျောင်းခရိုင်တို့ သဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီး ရုံးဖွင့်ရက် ၃ ရက်အတွင်း သဘောတူညီချက်ကို ပယ်ဖျက်နိုင်သည်။

## တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်အပေါ် ကြားနာမှုများ

### ဘက်မလိုက်သော တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြားနာခြင်း

**34 *CFR* §300.511**

**အထွေထွေ**

တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်ကို တင်သွင်းသည့် အခါတိုင်း **တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်** နှင့် ဖြေရှင်းချက် **လုပ်ငန်းစဉ်** အပိုင်းများတွင် ဖော်ပြထားသော လုပ်ငန်းစဉ်များကို လိုက်နာပြီးသည့်နောက် အငြင်းပွားမှုတွင် ပါဝင်နေသော သင် သို့မဟုတ် ကျောင်းခရိုင်သည် ဘက်မလိုက်သော တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြားနာခြင်းအတွက် အခွင့်အရေး ရှိသည်။

**ဘက်မလိုက်သော အုပ်ချုပ်ရေး ဥပဒေ တရားသူကြီး**

အနိမ့်ဆုံး အနေဖြင့် *ALJ* သည် -

1. *MDE* သို့မဟုတ် ကလေးဖြစ်သူ၏ ပညာရေး သို့မဟုတ် စောင့်ရှောက်မှုတွင် ပါဝင်သော ကျောင်းခရိုင်၏ ဝန်ထမ်းမဖြစ်ရ။ သို့သော်ငြားလည်း *ALJ* အဖြစ် ဆောင်ရွက်ရန် လစာရရှိနေသော လူပုဂ္ဂိုလ်သည် အေဂျင်စီ၏ ဝန်ထမ်း လုံးဝ မဟုတ်ပါ။
2. ကြားနာမှုအတွက် *ALJ* ၏ ရည်မှန်းချက်များနှင့် ပုဂ္ဂိုလ်ရေး သို့မဟုတ် ပရော်ဖက်ရှင်နယ်ဆိုင်ရာ အကျိုးစီးပွား ပဋိပက္ခရှိသူ မဖြစ်ရ။
3. *IDEA* ၏ ထောက်ပံ့မှုများ နှင့် *IDEA* သို့သက်ရောက်သော ဖက်ဒရယ် နှင့် ပြည်နယ် နည်းဥပဒေများနှင့် ဖက်ဒရယ် နှင့် ပြည်နည် တရားရုံးများ၏ *IDEA* အတွက် ဥပဒေ အနက်ဖွင့်ဆိုမှုများ နှင့် ဆိုင်သော ဗဟုသုတများရှိ၍ နားလည်ပြီး။
4. သင့်လျော်သော၊ ပုံမှန် ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီ၍ ကြားနာမှုများ ဆောင်ရွက်ရန် ဗဟုသုတနှင့် လုပ်ဆောင်နိုင်စွမ်းရှိပြီး ဆုံးဖြတ်ချက်များ ချမှတ်ရန် နှင့် ရေးသားရန် လုပ်ဆောင်နိုင်သူ။

*ALJ*s များသည် ရှေ့နေများဖြစ်ပြီး ပြည်နယ် အဆင့်သတ်မှတ်ထားသော ပြည်သူလူထုဝန်ဆောင်မှု ဝန်ထမ်းများ ဖြစ်ပြီး ပြည်နယ် ကြားနာမှုများနှင့် အမိန့်များ စီမံခန့်ခွဲမှုရုံး [*State Office of Administrative Hearings and Rules* (*SOAHR*)] မှ ခန့်အပ်ထားသော ဝန်ထမ်းများ ဖြစ်သည်။ *MDE* (*SOAHR* မှတဆင့်) သည် *ALJ* များ အဖြစ် တာဝန်ထမ်းဆောင်နေသော ပုဂ္ဂိုလ်များ၏ အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက်များ ပါဝင်သော စာရင်းတစ်ခုကို သိမ်းဆည်းထားသည်။

**တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြားနာခြင်း၏ အကြောင်းအရာများ**

တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြားနာခြင်းကို တောင်းဆိုသော ပါတီ (သင် သို့မဟုတ် ကျောင်းခရိုင်)သည် အခြား ပါတီက သဘောတူသည့်အခါမှ လွဲ၍ တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်တွင် မဖော်ပြထားသော ကိစ္စရပ်များကို တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြားနာခြင်းတွင် ထည့်သွင်းမဆွေးနွေးရ။

**ကြားနာမှု တစ်ခု တောင်းဆိုခြင်းအတွက် အချိန်ကာလ**

သင် သို့မဟုတ် ကျောင်းခရိုင်သည် တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်တွင် ဖော်ပြထားသော ကိစ္စရပ် ဖြစ်ပွားသည်ကို သိရှိသည့်နေ့မှ သို့မဟုတ် သိရှိခဲ့သင့်သည့် နေ့မှ ၂ နှစ်အတွင်း တရားဝင် တိုင်ကြားစာ တစ်စောင် တင်သွင်းရမည်။

**အချိန်ကာလအတွက် ချွင်းချက်များ**

အကယ်၍ အောက်ပါ အချက်များကြောင့် သင်သည် တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက် မတင်သွင်းနိုင်ပါက အထက်ပါ အချိန်ကာလသည် မသက်ရောက်ပါ -

1. ကျောင်းခရိုင်သည် တိုင်ကြားစာထဲတွင် ဖော်ပြထားသော ကိစ္စရပ်ကို ဖြေရှင်းခဲ့ပြီးပြီဟု လွဲမှားစွာ တင်ပြခဲ့ပါက သို့မဟုတ်
2. *IDEA* ၏ အပိုင်း ခ သို့မဟုတ် အပိုင်း ဂ အရ သင့်ကို ထောက်ပံ့ရန် လိုအပ်သည့် သတင်းအချက်အလက်များကို ကျောင်းခရိုင်က သင့်ကို မပေးအပ်လျှင်။

## ကြားနာမှု အခွင့်အရေးများ

**34 *CFR* §300.512**

**အထွေထွေ**

တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြားနာခြင်း (စည်းကမ်းပိုင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် သက်ဆိုင်သော ကြားနာမှု အပါအဝင်) ပါဝင်သော မည်သည့် ပါတီမဆို အောက်ပါ အခွင့်အရေးတို့ ရှိသည် -

1. ရှေ့နေနှင့် တိုင်ပင်ပြီး ကိုယ်စားပြု ဆောင်ရွက်မှု နှင့်/သို့မဟုတ် ကလေး၏ မသန်စွမ်းမှုနှင့် ပတ်သက်ပြီး အထူး ဗဟုသုတ သို့မဟုတ် လေ့ကျင့်သင်ကြားမှု ရှိထားသူ ပုဂ္ဂိုလ်နှင့် တိုင်ပင်ခြင်း
2. သက်သေ တင်ပြခြင်း နှင့် ရင်ဆိုင် ဖြေရှင်းခြင်း၊ ပြန်လှန် မေးခွန်းထုတ်စစ်ဆေးခြင်းနှင့် အသိသက်သေများ တက်ရောက်ခွင့်ကို လုပ်ဆောင်ခြင်း
3. ကြားနာမှု မတိုင်ခင် အနည်းဆုံး ရုံးဖွင့်ရက် ၅ ရက်အတွင်း ဖွင့်ထုတ်ပြောဆိုထားခြင်း မရှိသော သက်သေကို ကြားနာမှုသို့ တင်သွင်းလာပါက ကန့်ကွက်ခွင့်

4. ကြားနာမှု၏ စာဖြင့် ရေးသားထားသော၊ အီလက်ထရောနစ် မှတ်တမ်း၊ သင် ရွေးချယ်နိုင်သည်၊ ကို ပိုင်ဆိုင်ခွင့်
5. ရှာဖွေတွေ့ရှိချက်များနှင့် ဆုံးဖြတ်ချက်များ၏ စာဖြင့် ရေးသားထားသော၊ အီလက်ထရောနစ်၊ သင် ရွေးချယ်နိုင်သည်၊ ကို ပိုင်ဆိုင်ခွင့်

**နောက်ဆက်တွဲ ထုတ်ဖော်ထားသော သတင်းအချက်အလက်များ**

တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြားနာခြင်းမတိုင်ခင် အနည်းဆုံး ရုံးဖွင့်ရက် ၅ ရက် အလိုတွင် သင်နှင့် ကျောင်းခရိုင်တို့သည် ထိုနေ့ရက်စွဲဖြင့် ပြီးဆုံးထားသော လေ့လာသုံးသပ်ချက်များနှင့် ထို လေ့လာသုံးသပ်ချက်များ အပေါ် အခြေခံပြီး သင် သို့မဟုတ် ကျောင်းခရိုင်မှ ကြားနာမှုတွင် အသုံးပြုရန် ရည်ရွယ်ထားသည့် အကြံပြုချက်များကို တစ်ဘက်နှင့် တစ်ဘက် ထုတ်ဖော်ပြောဆိုရမည်။

*ALJ* တစ်ဦးသည် အဆိုပါ လိုအပ်ချက်ကို လိုက်နာရန် ပျက်ကွက်သော မည်သည့် ပါတီကို မဆို ကြားနာမှုတွင် တဖက်ပါတီ၏ သဘောတူညီချက် မရှိဘဲ သက်ဆိုင်သော လေ့လာသုံးသပ်ချက်များ သို့မဟုတ် အကြံပြုချက် တင်သွင်းခြင်း မပြုရန် တားမြစ်နိုင်သည်။

**ကြားနာမှုများတွင် မိဘ အုပ်ထိန်းခွင့်**

သင့်တွင် အောက်ပါ အခွင့်အရေးများ ရှိသည် -

1. သင့်ကလေး တက်ရောက်မှု၊
2. ကြားနာမှုကို အများပြည်သူလူထုကို ဖွင့်ပေးထားမှုနှင့်
3. ကြားနာမှု မှတ်တမ်း၊ ရှာဖွေ တွေ့ရှိချက်များနှင့် ဆုံးဖြတ်ချက်များကို ကုန်ကျစားရိတ် မရှိဘဲ ရယူခွင့်။

## ကြားနာမှု ဆုံးဖြတ်ချက်များ

**34 *CFR* §300.513**

**အုပ်ချုပ်ရေးဥပဒေ တရားသူကြီး၏ ဆုံးဖြတ်ချက်**

*ALJ* တစ်ဦး၏ သင့်ကလေး *FAPE* ရ၊ မရသည် လက်တွေ့ကျသော အရေးကြီးသည့် အချက်များပေါ်တွင် အခြေခံရမည်။

လုပ်ငန်းစဉ် ချိုးဖောက်မှုမှ ထွက်ပေါ်သော ကိစ္စများတွင် *ALJ* တစ်ဦးသည် သင့် ကလေးသည် လုပ်ငန်းစဉ်ဆိုင်ရာ မပြည့်စုံမှုများကြောင့်သာ *FAPE* မရရှိသည်ဟု တွေ့ရှိကောင်း တွေ့ရှိနိုင်သည် -

1. သင့်ကလေး၏ *FAPE* သို့ အခွင့်အရေးကို အဟန့်အတားဖြစ်စေသည်၊
2. သင့်ကလေး၏ *FAPE* သို့ အခွင့်အရေးနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်တွင် သင်၏ ပါဝင်ခွင့်ကို သိသာထင်ရှားစွာ အဟန့်အတားဖြစ်စေသည် သို့မဟုတ်

3. ပညာရေးဆိုင်ရာ အခြေခံ အကျိုးအမြတ်ကို မရရှိမှု ဖြစ်စေသည်။

**တည်ဆောက်မှု အပိုဒ်များ**

အထက်တွင်ဖော်ပြထားသော ထောက်ပံ့မှုများသည် *ALJ* တစ်ဦးမှ ကျောင်းခရိုင်တစ်ခုကို *IDEA* ၏ အပိုင်း ခ အောက်ရှိ (300.536 မှ 34 *CFR* §§300.500) ဖက်ဒရယ် နည်းဥပဒေများ၏ လုပ်ငန်းစဉ်ဆိုင်ရာ အကာအကွယ်များ အပိုင်းမှ လိုအပ်ချက်များကို လိုက်နာရန် အမိန့်ပေးခြင်းကို ကာကွယ်သည်ဟု အနက်ဖွင့်ဆို မရပါ။

**တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြားနာခြင်းတစ်ခုအတွက် သီးခြား တောင်းခံမှု**

*IDEA* ၏ အပိုင်း ခ အောက်ရှိ (300.536 မှ 34 *CFR* §§300.500) ဖက်ဒရယ် နည်းဥပဒေများ၏ လုပ်ငန်းစဉ်ဆိုင်ရာ အကာအကွယ်များ အပိုင်းမှ မည်သည့် အရာမဆို တင်သွင်းပြီးသော တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်မှ သီးခြား ကိစ္စတစ်ခုအတွက် သီးခြား တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်တစ်ခု တင်သွင်းခြင်းမှ တားမြစ်ထားသည်ဟု အနက်ဖွင့်ဆို မရပါ။

**အတိုင်ပင်ခံ အဖွဲ့နှင့် အများပြည်သူလူထု သို့ ရှာဖွေတွေ့ရှိချက်များနှင့် ဆုံးဖြတ်ချက်များ**

မည်သူဖြစ်ကြောင်း သိရှိနိုင်သော သတင်းအချက်အလက်ကို ဖျက်ပြီးသည့်နောက် *MDE* သည် အောက်ပါတို့ကို မဖြစ်မနေလုပ်ဆောင်ရမည် -

1. တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြားနာခြင်းအတွင်း ရှာဖွေတွေ့ရှိချက်များနှင့် ဆုံးဖြတ်ချက်များကို ပြည်နယ် အထူးပညာရေး အတိုင်ပင်ခံ ကော်မတီသို့ တင်ပြရမည်။
2. အဆိုပါ ရှာဖွေတွေ့ရှိချက်များနှင့် ဆုံးဖြတ်ချက်များကို အများပြည်သူလူထုမှ ရယူနိုင်စေရန် ဖွင့်ပေးရမည်။

## အယူခံများ

### ဆုံးဖြတ်ချက်၏ နောက်ဆုံးဖြစ်မှု၊ အယူခံ၊ ဘက်မလိုက်သော ပြန်လည် သုံးသပ်မှု

**34 *CFR* §300.514**

**ကြားနာမှု ဆုံးဖြတ်ချက်၏ နောက်ဆုံးဖြစ်မှု**

ကြားနာမှုတွင် ပါဝင်သည့် မည်သည့် ပါတီ မဆို (သင် သို့မဟုတ် ကျောင်းခရိုင်)မှ အောက်တွင် ဖော်ပြထားသည့် အတိုင်း တရားမမှု အဖြစ် ဆုံးဖြတ်ရန် အယူခံတက်သည်မှ လွဲ၍ တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြားနာခြင်းတစ်ခု (စည်းကမ်းပိုင်းဆိုင်ရာ လုပ်ငန်းစဉ်များအတွက် ကြားနာမှု အပါအဝင်) ၏ ဆုံးဖြတ်ချက် တစ်ခုသည် အပြီးအပြတ်ဖြစ်သည်။

### အချိန်ကာလများနှင့် ကြားနာမှုများ၏ အဆင်ပြေမှု

**34 *CFR* §300.515**

ဖြေရှင်းချက် အစည်းအဝေးများအတွက် ပြက္ခဒိန် ရက် ၃၀ ပြည့်ပြီးနောက် ပြက္ခဒိန် ရက် ၄၅ ရက်ထက် နောက်မကျစေဘဲ သို့မဟုတ် **ဖြေရှင်းချက် ပြက္ခဒိန် ရက် ၃၀ ကာလသို့ ပြင်ဆင်ချက်များ -** ခေါင်းစဉ်ခွဲအောက်တွင် ဖော်ပြထားသည့် အတိုင်း ပြင်ဆင်ထားသည့် အချိန်ပြည့်ပြီးနောက် ၄၅ ရက်ထက် နောက်မကျစေဘဲ *MDE* သည် အောက်ပါတို့ကို သေချာစေရန် လုပ်ဆောင်ရမည်။

1. ကြားနာမှုတွင် အပြီးသတ် ဆုံးဖြတ်ချက် တစ်ခု ချမှတ်ပြီး
2. ဆုံးဖြတ်ချက်များ၏ မိတ္တူတစ်စုံစီကို ပါတီများသို့ စာပေးပို့ရမည်။

*ALJ* တစ်ဦးသည် ပါတီ တဖက်ဖက်၏ တောင်းဆိုချက်ဖြင့် ပြက္ခဒိန် ရက် ၄၅ ရက်ထက် ကျော်လွန်ပြီး သတ်မှတ်ထားသော ကာလ တစ်ခုကို ခွင့်ပြုပေးနိုင်သည်။

ကြားနာမှု တစ်ခုစီတိုင်းသည် သင် နှင့် သင့်ကလေးအတွက် အဆင်ပြေစေနိုင်သည့် အချိန်နှင့် နေရာများတွင်သာ မဖြစ်မနေ ပြုလုပ်ရမည်။

## တရားမမှုများ၊ အဆိုပါ တရားမမှုများ တင်သွင်းရန် ကာလများ အပါအဝင်

**34 *CFR* §300.516**

**အထွေထွေ**

တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြားနာခြင်း အတွင်း (စည်းကမ်းပိုင်းဆိုင်ရာ လုပ်ငန်းစဉ်များအတွက် ကြားနာမှုများ အပါအဝင်) ရှာဖွေတွေ့ရှိချက်များနှင့် ဆုံးဖြတ်ချက်ကို သဘောမတူသည့် မည်သည့်ပါတီမဆို (သင် သို့မဟုတ် ကျောင်းခရိုင်) သည် တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြားနာခြင်းပါ အကြောင်းအရာများအတွက် တရားမမှု လျှောက်ထားရန် အခွင့်အရေး ရှိသည်။ တရားမမှုကို ပြည်နယ် သင့်လျော်သည့် အခွင့်အာဏာရှိသော ပြည်နယ် တရားရုံး တစ်ခုတွင် (ဤကိစ္စ အမျိုးအစားကို ကြားနာခွင့်ရှိသော ပြည်နယ် တရားရုံး) အငြင်းပွားမှု၏ တန်ဖိုး ပမာဏကို မထည့်တွက်ဘဲ သို့မဟုတ် အမေရိကန် ပြည်ထောင်စု၏ ခရိုင် တရားရုံးတစ်ခုတွင် လျှောက်ထားနိုင်သည်။

**ကာလ ကန့်သတ်ချက်**

တရားမမှုကို လျှောက်ထားမည့် ပါတီသည် (သင် သို့မဟုတ် ကျောင်းခရိုင်) သည် *ALJ* ၏ ဆုံးဖြတ်ချက်ချသည့် နေ့မှ တရားမမှု လျှောက်ထားနိုင်ရန် ပြက္ခဒိန် ရက် ၉၀ ရသည်။

**ထပ်ဆောင်း လုပ်ငန်းစဉ်များ**

မည်သည့် တရားမမှုတွင် မဆို တရားရုံးသည် -

1. အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းစဉ်များ မှတ်တမ်းကို လက်ခံရရှိသည်၊
2. သင့် တောင်းဆိုချက် အရ သို့မဟုတ် ကျောင်းခရိုင်၏ တောင်းဆိုချက်အရ ထပ်ဆောင်း သက်သေများကို လက်ခံနားထောင်သည်
3. သက်သေများ၏ ထင်ရှားအရေးပါမှု အပေါ် မူတည်ပြီး ၎င်း၏ ဆုံးဖြတ်ချက်ကို အခြေခံပြီး ရုံးတော်မှ သင့်လျော်သည်ဟု ဆုံးဖြတ်သော လုပ်ဆောင်ချက်ကို အမိန့်ချမှတ်ပေးသည်။

**ခရိုင် တရားရုံးများ၏ အခွင့်အာဏာ**

အမေရိကန်ပြည်ထောင်စု၏ ခရိုင်တရားရုံးများသည် *IDEA* ၏ အပိုင်း ခ အောက်မှ လျှောက်ထားသော တရားမမှုများကို အငြင်းပွားသည့် တန်ဖိုးပမာဏနှင့် ပတ်သက်မှု မရှိဘဲ စီရင်ဆုံးဖြတ်ခွင့် ရှိသည်။

**တည်ဆောက်မှု စည်းမျဉ်း**

*IDEA* ၏ အပိုင်း ခ အောက်ရှိ မည်သည့် အရာမဆို အမေရိကန် ပြည်ထောင်စု အခြေခံ ဥပဒေ၊ ၁၉၉၀ ခုနှစ် မသန်စွမ်း အမေရိကန်များ အက်ဥပဒေ၊ ၁၉၇၃ ခုနှစ် ပြန်လည်ထူထောင်မှု အက်ဥပဒေ အခန်း ၅ (အပိုဒ် ၅၀၄) သို့မဟုတ် မသန်စွမ်း ကလေးသူငယ်များ၏ အခွင့်အရေးကို ကာကွယ်နေသော အခြား ဖက်ဒရယ် ဥပဒေပါ

အခွင့်အရေးများ၊ လုပ်ငန်းစဉ်များနှင့် ကုစားမှုများကို မကန့်သတ်ပါ။ သို့သော် ထောက်ပံ့မှုတန်ဖိုး ရရှိရန် အလို့ငှာ အဆိုပါ ဥပဒေများ အောက်တွင် တရားမမှု မလျှောက်ထားမီ *IDEA* ၏ အပိုင်း ခ တွင်လည်း ရရှိနေသော ထောက်ပံ့မှု တန်ဖိုးများကို *IDEA* ၏ အပိုင်း ခအောက်တွင် တရားမမှု လျှောက်ထားသည့် အားလျော်စွာ ရယူ အသုံးပြုရမည်။ ထိုအရာသည် *IDEA* အောက်တွင် ရရှိနိုင်သော ထောက်ပံ့မှု တန်ဖိုးများနှင့် ထပ်နေသော အခြား ဥပဒေများအောက်တွင် ရရှိနိုင်သော ထောက်ပံ့မှုတန်ဖိုးများကို ရရှိနိုင်သည်၊ သို့သော် ယေဘူယျအားဖြင့် တရားရုံးသို့ မလျှောက်ထားမီ *IDEA* အောက်ရှိ ရရှိနိုင်သော အုပ်ချုပ်ရေး ထောက်ပံ့မှုတန်ဖိုးများကို ဦးစွာ အသုံးပြုရမည်ကို ဆိုလိုသည် (ဆိုလိုသည်မှာ တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်၊ ဖြေရှင်းချက် အစည်းအဝေး နှင့် ဘက်မလိုက်သော တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြားနာခြင်း လုပ်ငန်းစဉ်များ)။

## ရှေ့နေကြေး

**34 *CFR* §300.517**

**အထွေထွေ**

*IDEA* ၏ အပိုင်း ခ အောက်ရှိ ဆုံးဖြတ်ချက် သို့မဟုတ် လုပ်ဆောင်ချက်တွင် သင်သည် ရုံးတော်၏ ဆုံးဖြတ်ချက်အရ အသာရပါက တရားရုံးသည် သင့် ကုန်ကျစားရိတ်၏ တစိတ်တပိုင်းအဖြစ် ကျိုးကြောင်းဆီလျော်သော ရှေ့နေ ကြေး ချီးမြှင့်ကောင်း ချီးမြှင့်နိုင်သည်။

*IDEA* ၏ အပိုင်း ခ အောက်ရှိ ဆုံးဖြတ်ချက် သို့မဟုတ် လုပ်ဆောင်ချက်တွင် ရုံးတော်၏ ဆုံးဖြတ်ချက်အရ တရားရုံးသည် အနိုင်ရ ပြည်နယ် ပညာရေး အေဂျင်စီ သို့မဟုတ် ကျောင်းခရိုင်၏ ကုန်ကျစားရိတ် တစ်စိတ်တစ်ပိုင်းအဖြစ် ကျိုးကြောင်းဆီလျော်သော ရှေ့နေကြေးကို သင့် ရှေ့နေမှ အောက်ပါ အချက်များနှင့် ကိုက်ညီပါက သင့်ရှေ့နေမှ ပေးချေရန် ချီးမြှင့်ကောင်း ချီးမြှင့်နိုင်သည်။ (က) ရုံးတော်မှ ရည်ရွယ်ချက်မရှိ၊ ကျိုးကြောင်းမဆီလျော် သို့မဟုတ် အခြေခံမရှိဟု တွေ့ရှိရသည့် တိုင်ကြားစာ သို့မဟုတ် တရားရုံးဦးတိုက်လျှောက်လွှာ တင်သွင်းပါက သို့မဟုတ် (ခ) တရားစွဲဆိုမှုသည် ရည်ရွယ်ချက်မရှိ၊ ကျိုးကြောင်းမဆီလျော် သို့မဟုတ် အခြေခံမရှိဟု တွေ့ရှိပြီးသည့်နောက်တွင် ဆက်လက် ကိုယ်စားပြုစွဲဆိုနေပါက သို့မဟုတ်

*IDEA* ၏ အပိုင်း ခ အောက်ရှိ ဆုံးဖြတ်ချက် သို့မဟုတ် လုပ်ဆောင်ချက်တွင် အကယ်၍ သင်၏ တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြားနာခြင်းအတွက် တောင်းဆိုမှု သို့မဟုတ် နောက်ပိုင်းတွင် တရားစွဲဆိုမှုသည် နှောင့်ယှက်ရန် သို့မဟုတ် မလိုအပ်သော နှောင့်နှေးမှု ဖြစ်ပေါ်စေရန် သို့မဟုတ် တရားစွဲဆိုမှု သို့မဟုတ် လုပ်ဆောင်မှု၏ ကုန်ကျစားရိတ် တက်စေရန် ကဲ့သို့ မသင့်လျော်သော ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်သည်ဟု တွေ့ရှိပါက ရုံးတော်၏ ဆုံးဖြတ်ချက်အရ တရားရုံးသည် အနိုင်ရ ပြည်နယ်

ပညာရေး အေဂျင်စီ သို့မဟုတ် ကျောင်းခရိုင်၏ ကုန်ကျစားရိတ် တစိတ်တပိုင်းအဖြစ် ကျိုးကြောင်းဆီလျော်သော ရှေ့နေ ကြေးကို သင် သို့မဟုတ် သင့် ရှေ့နေမှ ပေးချေရန် ချီးမြှင့်နိုင်သည်။

**အခကြေးများ အတွက် ဆု**

တရားရုံးတစ်ခုသည် ကျိုးကြောင်းဆီလျော်သော ရှေ့နေကြေးကို အောက်ပါအတိုင်း ချီးမြှင့်နိုင်သည် -

1. အခကြေးငွေသည် တရားစွဲဆိုမှု သို့မဟုတ် ကြားနာမှု ပေါ်ထွက်လာသော ဒေသတွင်းမှ ထိုကဲ့သို့ ကိစ္စများနှင့် ဝန်ဆောင်မှု အမျိုးအစားများ အတွက် အများလက်ခံထားသောနှုန်းအပေါ် အခြေခံရမည်။ ဘောနပ်စ် များ သို့မဟုတ် ဆတိုးများသည် အခကြေးငွေ တွက်ချက်ရာတွင် အသုံးမပြုရ။
2. *IDEA* ၏ အပိုင်း ခ အောက်ရှိ ဆုံးဖြတ်ချက် သို့မဟုတ် လုပ်ဆောင်ချက်တွင် ၂ဖက် ငွေကြေးတန်ဖိုးဖြင့် အမှုရုပ်သိမ်းသော သဘောတူညီချက် ရယူပြီးနောက် လုပ်ဆောင်သော ဝန်ဆောင်မှုများအတွက် အောက်ပါ အခြေအနေတွင် အခကြေးငွေကို ချီးမြှင့်ပေးလိမ့်မည် မဟုတ်ပါ။
   a. တရားမမှုများ၏ ဖက်ဒရယ် စည်းမျဉ်းများ၏ စည်းမျဉ်း ၆၈ တွင် ဖော်ပြထားသည့်အတိုင်း အချိန်ကာလအတွင်း သဘာတူရန် ကမ်းလှမ်းချက်ကို ပြုလုပ်ပါက သို့မဟုတ် တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြားနာခြင်းတွင် ကြားနာမှု လုပ်ငန်းများ မလုပ်ဆောင်ခင် ပြက္ခဒိန် ရက် ၁၀ ရက်ထက်ပိုသော အချိန်တွင် ပြုလုပ်ပါက
   b. ကမ်းလှမ်းချက်ကို ပြက္ခဒိန် ၁၀ ရက်အတွင်း လက်မခံဘဲ
   c. သင် နောက်ဆုံး လက်ခံ ရရှိသော တန်ဖိုးပမာဏသည် သဘောတူရန်ကမ်းလှမ်းသော ပမာဏထက် မများဟု တရားရုံး သို့မဟုတ် *ALJ* မှ တွေ့ရှိပါက။

   အထက်ပါ ကန့်သတ်ချက်များ ရှိသော်လည်း သင် အနိုင်ရရှိပြီး သဘောတူရန် ကမ်းလှမ်းချက်ကို အတိအလင်း ငြင်းဆိုခဲ့ပါက ရှေ့နေကြေး ဆုကြေးကို ရရှိလိမ့်မည်။
3. *IEP* အစည်းအဝေးများသည် တရားရုံး သို့မဟုတ် အုပ်ချုပ်ရေး လုပ်ငန်းစဉ်၏ ရလဒ်အတွက် ကျင်းပသည်မှ လွဲ၍ *IEP* အစည်းအဝေး အတွက် အခကြေးငွေကို ပေးချေလိမ့်မည်မဟုတ်ပါ။
4. **ကြားဝင်စေ့စပ်ပေးခြင်း** ခေါင်းစဉ်အောက်တွင် ဖော်ပြထားသည့် ကြားဝင်စေ့စပ်ပေးခြင်းများအတွက် အခကြေးငွေကို ချီးမြှင့်လိမ့်မည် မဟုတ်ပါ။
5. အဆိုပါ ရှေ့နေကြေး ထောက်ပံ့ခြင်း ရည်ရွယ်ချက်များအတွက် **ဖြေရှင်းချက် အစည်းအဝေး** ခေါင်းစဉ်အောက်ရှိ ဖြေရှင်းချက် အစည်းအဝေး တစ်ခုကို တရားရုံး သို့မဟုတ် အုပ်ချုပ်ရေး လုပ်ငန်းစဉ်၏ ရလဒ်အတွက် ကျင်းပသည် မသတ်မှတ်သလို တရားရုံး သို့မဟုတ် အုပ်ချုပ်ရေး လုပ်ငန်းစဉ်ဟုလည်း မသတ်မှတ်ပါ။

ရုံးတော်က အောက်ပါတို့ကို တွေ့ရှိခဲ့လျှင် *IDEA* ၏ အပိုင်း ခ အောက်တွင် ပေးအပ်ထားသော ရွှေ့နေခ ပမာဏကို သင့်လျော်သလို ရုံးတော်က လျှော့ချပါမည် -

1. အငြင်းပွားမှု၏ နောက်ဆုံးဖြေရှင်းမှုကို ပြုလုပ်ရန် သို့မဟုတ် ရှေ့ဆက်ဆောင်ရွက်ရန် ပြုလုပ်နေစဉ်ကာလအတွင်း သင် သို့မဟုတ် သင်၏ ရှေ့နေက ကျိုးကြောင်းမကျစွာ အချိန်ဆွဲထားခြင်း၊
2. ရှေ့နေခ ပမာဏက သင့်လျော်စွာ တူညီသည့် ကျွမ်းကျင်မှု၊ ဂုဏ်သတင်းနှင့် အတွေ့အကြုံရှိသည့် ရှေ့နေတစ်ဦး၏ အသိုင်းအဝိုင်းအတွင်း တူညီသည့် ဝန်ဆောင်မှုအတွက် လက်ခံလေ့ရှိသော နာရီအလိုက်နှုန်းထားထက် ပေးအပ်ရန် ခွင့်ပြုမည့်ပမာဏက မခိုင်လုံစွာ ပိုများနေလျှင်၊
3. ပြုလုပ်ရမည့် သို့မဟုတ် ဆောင်ရွက်ရမည့် သဘာဝနှင့် နှိုင်းယှဉ်လျှင် အသုံးပြုခဲ့သော အချိန်နှင့် ပေးအပ်ခဲ့သော ဥပဒေဆိုင်ရာ ဝန်ဆောင်မှုများက ပိုလွန်နေလျှင်၊ သို့မဟုတ်
4. သင့်အား ကိုယ်စားပြုနေသော ရှေ့နေက ဆောင်ရွက်ရန် တောင်းဆိုထားသည့် အသိပေးချက် ကန့်သတ်အချိန်အတွင်း **တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက်** ခေါင်းစဉ်အောက်တွင် ဖော်ပြထားသည့်အတိုင်း သင့်လျော်သည့် အချက်အလက်များကို ကျောင်းခရိုင်ထံ မတင်ပြခဲ့ပါ။

သို့သော်လည်း ပြည်နယ် သို့မဟုတ် ကျောင်းခရိုင်က ပြုလုပ်ရမည့် သို့မဟုတ် ဆက်လက်ဆောင်ရွက်ရမည့် နောက်ဆုံးဖြေရှင်းမှုကို ကျိုးကြောင်းမကျစွာ နှောင့်နှေးခဲ့သည်ကို သို့မဟုတ် *IDEA* ၏ အပိုင်း ခ ကို ပြဋ္ဌာန်းထားသည့် လုပ်ငန်းစဉ်ဆိုင်ရာ အကာအကွယ်များအား ချိုးဖောက်မှုရှိခဲ့သည်ကို ရုံးတော်က တွေ့ရှိခဲ့လျှင် အခကြေးငွေများကို လျှော့ချမည်မဟုတ်ပါ။

## မသန်စွမ်းသော ကလေးသူငယ်များအား စည်းကမ်းထိန်းသိမ်းရန် လုပ်ငန်းစဉ်များ

### ကျောင်းဝန်ထမ်း အာဏာပိုင်

34 *CFR* §300.530

**ကိစ္စရပ်အလိုက် စိစစ်သုံးသပ်ခြင်း**

ကျောင်းသားများ၏ အပြုအမူဆိုင်ရာ ကျောင်းစည်းကမ်းကို ချိုးဖောက်သူ မသန်စွမ်းကလေးငယ်အတွက် စည်းကမ်းလိုက်နာမှုနှင့် ပတ်သက်၍ အောက်ပါလိုအပ်ချက်များနှင့် ကိုက်ညီစွာ ပြုလုပ်ထားသည့် နေရာချထားမှု အပြောင်းအလဲကို ဆုံးဖြတ်ရာတွင် သင့်လျော်မှုရှိစေရန် ကိစ္စရပ်တစ်ခုချင်းစီအပေါ် အခြေခံ၍ ထူးခြားသော အခြေအနေများကို ကျောင်းသားရေးရာက စဉ်းစားသုံးသပ်သင့်ပါသည်။

**အထွေထွေ**

မသန်စွမ်း မဟုတ်သော ကလေးငယ်များတွင်ပါ ဆောင်ရွက်သည့် အရေးယူမှုများ ကဲ့သို့ပင် တစ်ဆက်တည်း **ကျောင်းတက်ရက် ၁၀ ရက်** ထက်မကျော်လွန်စေဘဲ ကျောင်းသားရေးရာက ကျောင်းသားများ၏ အပြုအမူဆိုင်ရာ စည်းမျဉ်းကို ချိုးဖောက်သူ မသန်စွမ်း ကလေးငယ်အား ၎င်း၏ လက်ရှိနေရာချထားမှုမှ သင့်လျော်သည့် ကြားဖြတ် အစားထိုး ပညာရေး အစီအမံ၊ အခြားပြင်ဆင်မှု သို့မဟုတ် နားစေခြင်းသို့ ရွှေ့ပြောင်းနိုင်သည်။ ထိုတူညီသော ကျောင်းတက်နှစ်တွင်ပင် သီးခြား လွဲမှားသည့် အပြုအမူ ပြုလုပ်မှုအတွက် ကလေး၏ ထပ်တိုး ရွှေ့ပြောင်းမှုကို တစ်ဆက်တည်း **ကျောင်းတက်ရက် ၁၀ ရက်** ထက်မကျော်လွန်စေဘဲ ထိုရွှေ့ပြောင်းမှုက နေရာချထားမှု အပြောင်းအလဲ မပါဝင်မချင်း ကျောင်းသားရေးရာက ပြစ်ဒဏ်ချမှတ်နိုင်သည်။ (အဓိပ္ပါယ် ဖွင့်ဆိုချက်အတွက် အောက်တွင်ရှိသော **စည်းကမ်းပိုင်းဆိုင်ရာ ပြောင်းရွှေ့မှုကြောင့် နေရာချထားမှု ပြောင်းလဲခြင်း** ကို ကြည့်ပါ)။

မသန်စွမ်း ကလေးအား တူညီသော ကျောင်းတက်နှစ်အတွင်း လက်ရှိနေရာချထားမှုမှ စုစုပေါင်း **ကျောင်းတက်ရက် ၁၀ ရက်** အထိ ရွှေ့ပြောင်းပြီးသည်နှင့် ထိုကျောင်းတက်နှစ်အတွင်း နောက်ဆက်တွဲ ရွှေ့ပြောင်းမှုများအတွက် အောက်တွင်ပါဝင်သော ခေါင်းစဉ်ခွဲ **ဝန်ဆောင်မှုများ** တွင် လိုအပ်သည့်အတိုင်း ကျောင်းခရိုင်က ဝန်ဆောင်မှုများပေးအပ်ရမည်။

**ထပ်တိုး အခွင့်အာဏာ**

အကယ်၍ ကျောင်းသားများ၏ အပြုအမူဆိုင်ရာ စည်းမျဉ်းကို ချိုးဖောက်သည့် အပြုအမူက ကလေး၏ မသန်စွမ်းမှုဆိုင်ရာ အပြုအမူနှင့် သက်ဆိုင်ခြင်းမရှိသလို (အောက်တွင် ပါဝင်သော **အပြုအမူအား ဆုံးဖြတ်ခြင်း**

ကို ကြည့်ပါ) စည်းကမ်းအရ နေရာပြောင်းရွှေ့ချထားမှုက တစ်ဆက်တည်း **ကျောင်းတက်ရက် ၁၀ ရက်** ကျော်လွန်မည်ဆိုပါက **ဝန်ဆောင်မှုများ** အောက်တွင် ဖော်ပြထားသည့် ဝန်ဆောင်မှုများအား ထိုကလေးထံပေးအပ်ခြင်းမှလွဲ၍ မသန်စွမ်းမှု မရှိသည့် ကလေးအားချမှတ်မည့် တူညီသော ပြစ်ဒဏ်နှင့် တူညီသော ကာလအတိုင်း ကျောင်းသားရေးရာက ထိုမသန်စွမ်းသော ကလေးအား စည်းကမ်းပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများချမှတ်ရမည်။ ထိုကဲ့သို့သော ဝန်ဆောင်မှုများအတွက် ကလေး၏ *IEP* အဖွဲ့က ကြားဖြတ်အစားထိုး ပညာရေးဆိုင်ရာ အစီအမံများကို ဆုံးဖြတ်ပါသည်။

**ဝန်ဆောင်မှုများ**

ကလေး၏ လက်ရှိနေရာချထားမှုမှ ရွှေ့ပြောင်းခံရသော မသန်စွမ်းသူ ကလေးငယ်အား ပေးအပ်ရမည့် ဝန်ဆောင်မှုများကို ကြားဖြတ်အစားထိုး ပညာရေးဆိုင်ရာ အစီအမံများတွင် ပေးအပ်နိုင်သည်။

ကျောင်းခရိုင်က တူညီစွာ ရွှေ့ပြောင်းခံရသော မသန်စွမ်းမှု မရှိသည့် ကလေးငယ်အား ဝန်ဆောင်မှုများ ပေးအပ်ခဲ့မှသာလျှင် ထိုကျောင်းတက်နှစ်အတွင်း လက်ရှိနေရာချထားမှုမှ **ကျောင်းတက်ရက် ၁၀ ရက် သို့မဟုတ် ပိုနည်း၍** ပြောင်းရွှေ့ခံရသူ မသန်စွမ်းကလေးငယ်အား ဝန်ဆောင်မှုများ ထောက်ပံ့ပေးရန် လိုအပ်သည်။ စည်းကမ်းပိုင်းဆိုင်ရာ အကြောင်းရင်းများအတွက် ရွှေ့ပြောင်းခံရသူ မသန်စွမ်း မဟုတ်သည့် ကျောင်းသားများအား ဝန်ဆောင်မှုများ ပေးအပ်ရန် မီချီဂန်တွင် မလိုအပ်ပါ။

**ကျောင်းတက်ရက် ၁၀ ရက်ထက်ပို၍** ကလေး၏ လက်ရှိနေရာချထားမှုမှ ရွှေ့ပြောင်းခံရသူ မသန်စွမ်းကလေးငယ်သည် -

1. အခြားအစီအမံတွင် ဖြစ်နေလျှင်ပင် အထွေထွေပညာရေး သင်ရိုးတွင် ကလေး ဆက်လက်ပါဝင်နိုင်ရန်နှင့် ကလေး၏ *IEP* တွင် ချမှတ်ထားသည့် ရည်မှန်းချက်များထံ ပိုမိုတိုးတက်ရောက်ရှိနိုင်ရန် ပညာရေးဆိုင်ရာ ဝန်ဆောင်မှုများကို ဆက်လက် လက်ခံရရှိရမည်၊ **နှင့်**
2. အပြုအမူဆိုင်ရာ ချိုးဖောက်မှုများ ထပ်မံမဖြစ်ပေါ်စေရန်အတွက် ဖြေရှင်းပေးနိုင်ရန် ပုံစံပြုလုပ်ထားသော လုပ်ဆောင်သည့် အပြုအမူဆိုင်ရာ အကဲဖြတ်ချက် [*Functional Behavioral Assessment* (*FBA*)] နှင့် အပြုအမူဆိုင်ရာ ကြားဖြတ် ဝန်ဆောင်မှုများနှင့် မွမ်းမံမှုများကို သင့်လျော်သလို လက်ခံရရှိရမည်။

ထိုတူညီသော ကျောင်းတက်နှစ်တွင် မသန်စွမ်းသူ ကလေးငယ်၏ လက်ရှိနေရာချထားမှုမှ **ကျောင်းတက်ရက် ၁၀ ရက်** အထိ ရွှေ့ပြောင်းပြီး၍ လက်ရှိရွှေ့ပြောင်းမှုက တစ်ဆက်တည်း **ကျောင်းတက်ရက် ၁၀ ရက်** သို့မဟုတ် ယင်းထက်ပိုနည်း**၍** ရွှေ့ပြောင်းမှုက နေရာချထားမှု အပြောင်းအလဲ မဟုတ်ခဲ့လျှင် (အဓိပ္ပါယ်ဖွင့်ဆိုချက်ကို အောက်တွင် ကြည့်ပါ) ကျောင်းသားရေးရာက အနည်းဆုံး ကလေး၏ ဆရာတစ်ဦးနှင့် တိုင်ပင်၍ အခြားအစီအမံတွင် ဖြစ်နေလျှင်ပင် အထွေထွေပညာရေး သင်ရိုးတွင် ကလေး

ဆက်လက်ပါဝင်နိုင်ရန်နှင့် ကလေး၏ *IEP* တွင် ချမှတ်ထားသည့် ရည်မှန်းချက်များထံ ပိုမိုတိုးတက်ရောက်ရှိနိုင်ရန် လိုအပ်သည့် ဝန်ဆောင်မှုပမာဏကို ဆုံးဖြတ်သည်။

အကယ်၍ ရွှေ့ပြောင်းမှုက နေရာချထားမှု အပြောင်းအလဲ (အဓိပ္ပါယ်ဖွင့်ဆိုချက်ကို အောက်တွင်ကြည့်ပါ) ဖြစ်ခဲ့လျှင် ကလေး၏ *IEP* အဖွဲ့က အခြားအစီအမံတွင် ဖြစ်နေလျှင်ပင် အထွေထွေပညာရေး သင်ရိုးတွင် ကလေး ဆက်လက်ပါဝင်နိုင်ရန်နှင့် ကလေး၏ *IEP* တွင် ချမှတ်ထားသည့် ရည်မှန်းချက်များထံ ပိုမိုတိုးတက်ရောက်ရှိနိုင်ရန် သင့်လျော်သော ဝန်ဆောင်မှုများကို ဆုံးဖြတ်သည်။

**အပြုအမူအား ဆုံးဖြတ်ခြင်း**

ကျောင်းသားများ၏ အပြုအမူဆိုင်ရာ စည်းမျဉ်းကို ချိုးဖောက်မှုကြောင့် မသန်စွမ်း ကလေးငယ်၏ နေရာချထားမှု အပြောင်းအလဲအပေါ် မည်သည့်ဆုံးဖြတ်ချက်မဆို၏ **ကျောင်းတက်ရက် ၁၀ ရက်** အတွင်း (တစ်ဆက်တည်း **ကျောင်းတက်ရက် ၁၀ ရက်** သို့မဟုတ်
ယင်းထက်ပိုနည်း၍ ရွှေ့ပြောင်းမှုမှလွဲ၍နှင့် နေရာချထားမှု အပြောင်းအလဲမဟုတ်ခဲ့လျှင်) ကျောင်းသားရေးရာ၊ မိဘနှင့် သက်ဆိုင်ရာ *IEP* အဖွဲ့ဝင်များ (မိဘနှင့် ကျောင်းခရိုင်က ဆုံးဖြတ်သည့်အတိုင်း) စသည်တို့က ကလေး၏ *IEP*၊ မည်သည့်ဆရာမဆို၏ အကဲခတ်မှုများနှင့် ဆုံးဖြတ်ရန်အတွက် မိဘကပေးအပ်သော မည်သည့် သက်ဆိုင်ရာအချက်အလက်မဆိုကို ပြန်လည်သုံးသပ်ရမည် -

1. မေးမြန်းခံရသည့် အပြုအမူက ကလေး၏ မသန်စွမ်းမှုကြောင့် သို့မဟုတ် ယင်းနှင့် တိုက်ရိုက်ခိုင်မာသော ဆက်နွယ်မှုရှိခဲ့လျှင်၊ သို့မဟုတ်
2. မေးမြန်းခံရသည့် အပြုအမူက ကလေး၏ *IEP* ကို အကောင်အထည်ဖော်ရန် ကျောင်းခရိုင်၏ လစ်ဟာမှုကြောင့်ဖြစ်ပေါ်သော တိုက်ရိုက်ရလဒ်ဖြစ်ခဲ့လျှင်။

ကျောင်းခရိုင်၊ မိဘနှင့် သက်ဆိုင်ရာ ကလေး၏ *IEP* အဖွဲ့ဝင်များက ထိုအခြေအနေတို့မှ မည်သည့်နှင့်မျှ မကိုက်ညီဟု ဆုံးဖြတ်လျှင် အပြုအမူက ကလေး၏ မသန်စွမ်းမှုမှ အပြုအမူဟု ဆုံးဖြတ်ရမည်။

ကျောင်းခရိုင်၊ မိဘနှင့် သက်ဆိုင်ရာ ကလေး၏ *IEP* အဖွဲ့ဝင်များက မေးမြန်းခံရသည့် အပြုအမူသည် ကလေး၏ *IEP* ကို အကောင်အထည်ဖော်ရန် ကျောင်းခရိုင်၏ လစ်ဟာမှုကြောင့်ဟု ဆုံးဖြတ်လျှင် ကျောင်းခရိုင်က ထိုအားနည်းမှုများကို ကုစားပေးနိုင်ရန် ချက်ချင်းလုပ်ဆောင်ရမည်။

**အမူအကျင့်က ကလေး၏ မသန်စွမ်းမှုဆိုင်ရာ အပြုအမူဖြစ်သည်ဟု ဆုံးဖြတ်ခြင်း**

ကျောင်းခရိုင်၊ မိဘနှင့် သက်ဆိုင်ရာ *IEP* အဖွဲ့ဝင်များက အပြုအမူက ကလေး၏ မသန်စွမ်းမှုမှ အပြုအမူဟု ဆုံးဖြတ်လျှင် *IEP* အဖွဲ့က အောက်ပါတို့မှ တစ်ခုကို ပြုလုပ်ရမည် -

1. အပြုအမူကြောင့် နေရာချထားမှု အပြောင်းအလဲ မဖြစ်ပေါ်မီ ကျောင်းခရိုင်က *FBA* ပြုလုပ်ထားခြင်းမရှိလျှင် *FBA* ပြုလုပ်၍ ကလေးအတွက် အမူအကျင့် စွတ်ဖက်မှု အစီအစဉ် [*Behavioral Intervention Plan* (*BIP*)] တစ်ခုကို အကောင်အထည်ဖော်ရမည်၊ သို့မဟုတ်
2. *BIP* ကို ပြုလုပ်ပြီးသားဖြစ်လျှင် အမူအကျင့်ကို ဖြေရှင်းပေးနိုင်ရန် ထို *BIP* ကို ပြန်လည်သုံးသပ်၍ လိုအပ်လျှင် မွမ်းမံရမည်။

**အထူး အခြေအနေများ** ခေါင်းစဉ်ခွဲအောက်တွင် ဖော်ပြထားသည်မှလွဲ၍ *BIP* ၏ မွမ်းမံမှု တစ်စိတ်တစ်ပိုင်းအဖြစ် နေရာချထားမှု အပြောင်းအလဲကို မိဘနှင့် ခရိုင်က သဘောတူထားခြင်းမရှိလျှင် ကျောင်းခရိုင်က ကလေးအား ရွှေ့ပြောင်းခဲ့သော နေရာသို့ ပြန်လည်နေရာ ချထားပေးရမည်။

**အထူး အခြေအနေများ**

အမူအကျင့်က ကလေး၏ မသန်စွမ်းမှု အပြုအမူကြောင့် ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ ကလေးက အောက်ပါတို့ကိုပြုလုပ်လျှင် ကျောင်းသားရေးရာက ကျောင်းသားတစ်ဦးအား ကြားဖြတ် အစားထိုး ပညာရေးအစီအမံသို့ (ကလေး၏ *IEP* အဖွဲ့က ဆုံးဖြတ်ထားသည့်အတိုင်း) ကျောင်းတက်ရက် ၄၅ ရက်တိုင်အောင် ရွှေ့ပြောင်းနိုင်သည် -

1. ကျောင်းသို့ လက်နက်ယူဆောင်လာခြင်း သို့မဟုတ် ကျောင်းသို့၊ ကျောင်းနယ်နိမိတ်အတွင်း သို့မဟုတ် *MDE* သို့မဟုတ် ကျောင်းခရိုင်တစ်ခု၏ စီရင်ခွင့်အောက်တွင် လည်ပတ်နေသော ကျောင်းတွင် လက်နက်ကိုင်ဆောင်ခြင်း၊
2. တရားမဝင် ဆေးဝါးများကို သိရှိစွာပိုင်ဆိုင်ခြင်း သို့မဟုတ် အသုံးပြုခြင်း၊ သို့မဟုတ် ကျောင်းတွင်ရှိစဉ်၊ ကျောင်းနယ်နိမိတ်အတွင်း သို့မဟုတ် *MDE* သို့မဟုတ် ကျောင်းခရိုင်တစ်ခု၏ စီရင်ခွင့်အောက်တွင် လည်ပတ်နေသော ကျောင်းတွင် ထိန်းချုပ်ပစ္စည်းများကို ရောင်းချခြင်း သို့မဟုတ် ရောင်းချရန် ဖျားယောင်းခြင်း၊ သို့မဟုတ်
3. ကျောင်းတွင်၊ ကျောင်းနယ်နိမိတ်အတွင်း သို့မဟုတ် *MDE* သို့မဟုတ် ကျောင်းခရိုင်တစ်ခု၏ စီရင်ခွင့်အောက်တွင် လည်ပတ်နေသော ကျောင်းတွင် အခြားတစ်ဦးအား ခန္ဓာကိုယ်အား ပြင်းထန်စွာ ထိခိုက်ဒဏ်ရာဖြစ်စေရန် ပြုလုပ်ထားခြင်း။

**အဓိပ္ပါယ်ဖွင့်ဆိုချက်များ**

*ထိန်းချုပ်ပစ္စည်း* ဆိုသည်မှာ *Controlled Substances Act* (21 *U.S.C.* 812(c)) ၏ အခန်း 202(c) ရှိ လုပ်ငန်းစဉ် I၊ II၊ III၊ IV သို့မဟုတ် V အောက်တွင် သတ်မှတ်ထားသော ဆေးဝါး သို့မဟုတ် အခြားအရာများဖြစ်သည်။

*တရားမဝင်ဆေးဝါး* ဆိုသည်မှာ ထိန်းချုပ်ပစ္စည်းဖြစ်သော်လည်း လိုင်စင်ရ ကျန်းမာရေး စောင့်ရှောက်သူ၏ ကြပ်ကဲမှုအောက်တွင် တရားဝင် ပိုင်ဆိုင်နိုင်သော သို့မဟုတ် အသုံးပြုနိုင်သော သို့မဟုတ် ဤဥပဒေ သို့မဟုတ် အခြား ပြည်ထောင်စုဥပဒေများ၏ ထိန်းကြပ်မှုအောက်တွင် တရားဝင် ပိုင်ဆိုင်နိုင်သော သို့မဟုတ် အသုံးပြုနိုင်သော ထိန်းချုပ်ပစ္စည်း မပါဝင်ပါ။

*ခန္ဓာကိုယ်ကို ပြင်းထန်စွာ ဒဏ်ရာရစေခြင်း* တွင် အမေရိကန် ပြည်ထောင်စု ဥပဒေ ခေါင်းစီး 18 ၏ အပိုင်း 1365 ၏ ခေါင်းစဉ်ခွဲ (*h*) ၏ အပိုဒ် (3) အောက်တွင်ပါရှိသော "ခန္ဓာကိုယ်ကို ပြင်းထန်စွာ ဒဏ်ရာရစေခြင်း" အားဖွင့်ဆိုထားသည့် အဓိပ္ပါယ် ရှိပါသည်။ (ပူးတွဲပါ *A* ကို ကြည့်ပါ။)

*လက်နက်* တွင် အမေရိကန် ပြည်ထောင်စု ဥပဒေ ခေါင်းစီး 18 ၏ အပိုင်း 930 ၏ ပထမ ခေါင်းစဉ်ခွဲ (*g*) ၏ အပိုဒ် (2) အောက်တွင်ပါရှိသော "အန္တရာယ်ရှိသည့် လက်နက်" အားဖွင့်ဆိုထားသည့် အဓိပ္ပါယ် ရှိပါသည်။ (ပူးတွဲပါ *A* ကို ကြည့်ပါ။)

### အသိပေးချက်

ကျောင်းသားများ၏ အပြုအမူဆိုင်ရာ စည်းမျဉ်းကို ချိုးဖောက်မှုကြောင့် ကလေး၏ နေရာချထားမှု အပြောင်းအလဲဖြစ်သည့် ရွှေ့ပြောင်းမှုကို ပြုလုပ်ရန် ဆုံးဖြတ်ချက်ချသည့်နေ့ရက်တွင် ထိုဆုံးဖြတ်ချက်အား ကျောင်းခရိုင်က မိဘများထံ အသိပေးရမည်ဖြစ်၍ လုပ်ငန်းစဉ်ဆိုင်ရာ အကာအကွယ်များ၏ အသိပေးချက်ကို ပေးအပ်ရမည်။

## စည်းကမ်းပိုင်းဆိုင်ရာအရ ရွှေ့ပြောင်းမှုကြောင့် နေရာချထားမှု ပြောင်းလဲခြင်း

**34 *CFR* §300.536**

မသန်စွမ်း ကလေး၏ လက်ရှိ ပညာရေးဆိုင်ရာ နေရာချထားမှုမှ ရွှေ့ပြောင်းမှုက အောက်ပါတို့ဖြစ်ခဲ့လျှင် **နေရာချထားမှု အပြောင်းအလဲ** ဖြစ်သည် -

1. ရွှေ့ပြောင်းမှုက တစ်ဆက်တည်း ကျောင်းတက်ရက် ၁၀ ရက်ထက်ကျော်လျှင်၊ **သို့မဟုတ်**
2. အောက်ပါတို့ကြောင့် ပုံစံတစ်ခုဖြစ်ပေါ်သည့် ရွှေ့ပြောင်းမှု အစဉ်လိုက်ကို ကလေးအား ချမှတ်ခံရလျှင် -
    a. ကျောင်းတက်နှစ် တစ်နှစ်အတွင်း ရွှေ့ပြောင်းမှု အစဉ်လိုက်က ကျောင်းတက်ရက် ၁၀ ရက်ထက် ကျော်လွန်လျှင်၊
    b. ကလေး၏ အပြုအမူက ရွှေ့ပြောင်းမှု အစဉ်လိုက်ဖြစ်စေသည့် ယခင်ဖြစ်ရပ်များတွင် ပါဝင်သော ကလေး၏ အမူအကျင့်နှင့် ခိုင်မာစွာ တူညီနေလျှင်၊ ထို့အပြင်

c. ရွှေ့ပြောင်းမှုတစ်ခုချင်းစီ၏ ကာလ၊ ကလေးအား ရွှေ့ပြောင်းလိုက်သော စုစုပေါင်းအချိန်နှင့် ရွှေ့ပြောင်းမှု တစ်ခုချင်းစီ၏ အကွာအဝေးကဲ့သို့သော ထပ်တိုးအကြောင်းရင်းများနှင့် တူညီလျှင်။

ရွှေ့ပြောင်းမှုများ၏ ပုံစံက ကျောင်းခရိုင်က ကိစ္စရပ်အလိုက် အခြေခံ၍ ဆုံးဖြတ်ထားသော နေရာချထားမှု အပြောင်းအလဲပါဝင်၍ စိန်ခေါ်မှုများရှိလျှင် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်နှင့် တရားရေးအရ ဆက်လက်ဆောင်ရွက်မှုများမှတဆင့် ပြန်လည်သုံးသပ်မည်ဖြစ်ပါသည်။

## အစီအမံအား ဆုံးဖြတ်ခြင်း

**34 *CFR* § 300.531**

**နေရာချထားမှု အပြောင်းအလဲများ** ဖြစ်သည့် ရွှေ့ပြောင်းမှုများနှင့် အထက်ဖော်ပြပါ **ထပ်တိုး အခွင့်အာဏာ** နှင့် **အထူး အခြေအနေများ** ခေါင်းစဉ်များအောက်ရှိ ရွှေ့ပြောင်းမှုများအတွက် ကြားဖြတ် အစားထိုး ပညာရေး အစီအမံကို *IEP* အဖွဲ့က ဆုံးဖြတ်ရမည်။

## အယူခံ

**34 *CFR* § 300.532**

### အထွေထွေ

မသန်စွမ်း ကလေး၏ မိဘများက အောက်ပါတို့ကို သဘောမတူလျှင် တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြားနာမှုကို တောင်းဆိုရန် တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက် (အထက်တွင် ကြည့်ပါ) ကို လျှောက်ထားနိုင်သည် -

1. ဤစည်းကမ်းပိုင်းဆိုင်ရာ ကြီးကြပ်မှုအောက်တွင် ပြုလုပ်သော နေရာချထားမှုနှင့်သက်ဆိုင်သည့် မည်သည့်ဆုံးဖြတ်ချက်ကိုမဆို၊ သို့မဟုတ်
2. အထက်တွင် ဖော်ပြထားသည့် အပြုအမူဆိုင်ရာ ဆုံးဖြတ်ချက်။

ကျောင်းခရိုင်က ကလေး၏ လက်ရှိနေရာချထားမှုကို ထိန်းသိမ်းထားလျှင် ထိုကလေးအား သို့မဟုတ် အခြားကလေးများအား ထိခိုက်မှု သေချာစွာ ရှိနိုင်သည်ဟု ယုံကြည်လျှင် တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြားနာမှုကို တောင်းဆိုရန် တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားချက် (အထက်တွင် ကြည့်ပါ) ကို လျှောက်ထားနိုင်သည်။

**အုပ်ချုပ်မှုဆိုင်ရာ တရားသူကြီး၏ အခွင့်အာဏာ**

ခေါင်းစဉ်ခွဲ **သမာသမတ်ကျသော အုပ်ချုပ်မှုဆိုင်ရာ တရားသူကြီး** အောက်တွင် ဖော်ပြထားသည့် လိုအပ်ချက်များနှင့် ကိုက်ညီသော *ALJ* က တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြားနာမှုကို ပြုလုပ်၍ ဆုံးဖြတ်ချက်တစ်ခု ချမှတ်ရမည်။ *ALJ* က အောက်ပါတို့ပကို ပြုလုပ်နိုင်သည် -

1. ရွှေ့ပြောင်းမှုက **ကျောင်းသားရေးရာ၏ အခွင့်အာဏာ** ခေါင်းစဉ် အောက်တွင် ဖော်ပြထားသော လိုအပ်ချက်များကို ချိုးဖောက်ခြင်း သို့မဟုတ် ကလေး၏ အပြုအမူက ကလေး၏ မသန်စွမ်းမှုကြောင့်ဖြစ်သော အပြုအမူဟု *ALJ* က ဆုံးဖြတ်လျှင် မသန်စွမ်းသော ကလေးငယ်ကို ၎င်းအား ရွှေ့ပြောင်းလာခဲ့သည့်နေရာသို့ ပြန်လည်နေရာချထားပေးရမည်၊ သို့မဟုတ်
2. ကလေး၏ လက်ရှိနေရာချထားမှုကို ထိန်းသိမ်းထားလျှင် ထိုကလေးအား သို့မဟုတ် အခြားကလေးများအား ထိခိုက်မှု သေချာစွာ ရှိနိုင်သည်ဟု *ALJ* က ဆုံးဖြတ်လျှင် ကျောင်းတက်ရက် ၄၅ ရက်ထက် မကျော်လွန်စေဘဲ သင့်လျော်သည့် ကြားဖြတ် အစားထိုး ပညာရေးအစီအမံထံ မသန်စွမ်းကလေးအား နေရာချထားမှု အပြောင်းအလဲကို အမိန့်ချမှတ်နိုင်သည်။

ကျောင်းခရိုင်က ကလေး၏ လက်ရှိနေရာချထားမှုကို ထိန်းသိမ်းထားလျှင် ထိုကလေးအား သို့မဟုတ် အခြားကလေးများအား ထိခိုက်မှု သေချာစွာ ရှိနိုင်သည်ဟု ယုံကြည်လျှင် ဤကြားနာမှု လုပ်ငန်းစဉ်များကို အဖန်ဖန်ပြုလုပ်နိုင်သည်။

ထိုကဲ့သို့သော ကြားနာမှုအတွက် တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားမှုကို မိဘတစ်ဦး သို့မဟုတ် ကျောင်းခရိုင်တစ်ခုက လျှောက်ထားသည့်အခါတိုင်း အောက်ပါတို့မှလွဲ၍ **တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားမှု၊ တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားမှုအပေါ် ကြားနာမှုများ** ခေါင်းစဉ်အောက်တွင် ဖော်ပြထားသည့် လိုအပ်ချက်များနှင့် ကိုက်ညီသည့် ကြားနာမှုတစ်ခုကို ပြုလုပ်ရမည် -

1. ကြားနာမှုကို တောင်းဆိုသည့် ရက်မှ ကျောင်းဖွင့်ရက်ပေါင်း **၂၀** အတွင်း ပြုလုပ်ရမည့် မြန်ဆန်သည့် တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားမှုကို *MDE* စီစဉ်ပေး၍ ကြားနာမှုပြီးနောက် ကျောင်းဖွင့်ရက် **၁၀** ရက်အတွင်း ဆုံးဖြတ်ချက်တစ်ခု ချမှတ်ရမည်။
2. မိဘများနှင့် ကျောင်းခရိုင်တို့က အစည်းအဝေးကို စွန့်လွှတ်ကြောင်း စာဖြင့် သဘောတူညီမှု သို့မဟုတ် စေ့စပ်ရန် သဘောတူညီမှု မရှိထားလျှင် တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားမှုအတွက် အသိပေးမှုကို လက်ခံရရှိပြီးနောက် ပြက္ခဒိန်ရက် **ခုနစ်** ရက်အတွင်း ကြားဝင်စေ့စပ်ပေးခြင်းဆိုင်ရာ အစည်းအဝေးတစ်ခုကို ပြုလုပ်ရမည်။ တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားမှုကို လက်ခံရရှိပြီးနောက် ပြက္ခဒိန်ရက် **၁၅** ရက်အတွင်း

နှစ်ဖွဲ့လုံးက ကျေနပ်သည်အထိ ကိစ္စရပ်ကို ဖြေရှင်းထားခြင်းမရှိလျှင် ကြားနာမှုကို ဆက်လက်ဆောင်ရွက်နိုင်သည်။

ကြားနာမှုတွင် ပါဝင်သော မည်သည့်အဖွဲ့ဝင်ကမဆို (သင် သို့မဟုတ် ကျောင်းခရိုင်) က "တရားမမှုများ၊ ထိုအမှုများကို လျှောက်ထားရန် အချိန်ကာလအပါအဝင်" ခေါင်းစဉ်အောက်တွင် ဖော်ပြထားသော ပြည်သူ့တာဝန်ကို ဆောင်ရွက်ရန်မှလွဲ၍ မြန်ဆန်သည့် တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားမှုတွင် ပြုလုပ်ခဲ့သော ဆုံးဖြတ်ချက်က အတည်ဖြစ်သည်။

## အယူခံကာလအတွင်း နေရာချထားမှု

**34 *CFR* §300.533**

အထက်တွင်ဖော်ပြထားသည့်အတိုင်း စည်းကမ်းထိန်းသိမ်းမှု ကိစ္စရပ်များနှင့်ပတ်သက်၍ မိဘ သို့မဟုတ် ကျောင်းခရိုင်က တရားဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်ကြားမှုကို လျှောက်ထားသည့်အခါ ကြားနာမှု အရာရှိ၏ ဆုံးဖြတ်ချက်ကို စောင့်ဆိုင်းနေစဉ် သို့မဟုတ် ကျောင်းသားရေးရာ၏ အခွင့်အာဏာ ခေါင်းစဉ်အောက်တွင် ထောက်ပံ့ပေးထား၍ ဖော်ပြထားသည့်အတိုင်း ရွှေ့ပြောင်းမှုကာလအချိန် သက်တမ်းကုန်သွားသည်အထိ မည်သည်ကရှေးဦးစွာ ဖြစ်ပေါ်သည်ဖြစ်စေ ကလေးအား (မိဘနှင့် *MDE* သို့မဟုတ် ကျောင်းခရိုင်တို့ အခြားသဘောတူထားသည်များမရှိလျှင်) ကြားဖြတ် အစားထိုး ပညာရေးဆိုင်ရာ အစီအမံတွင် ဆက်လက်ထားရှိရမည်။

## အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများတွင် အကျုံးမဝင်သည့် ကလေးများအတွက် အကာအကွယ်များ

**34 *CFR* §300.534**

**အထွေထွေ**

အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများတွင် အကျုံးဝင်ခြင်းမရှိဟု ကလေးတစ်ဦးအား ဆုံးဖြတ်ထား၍ ကျောင်းသားများ၏ အပြုအမူဆိုင်ရာ စည်းမျဉ်းများအား ထိုကလေးက ချိုးဖောက်သော်လည်း ကလေးက မသန်စွမ်း ကလေးငယ်ဖြစ်ကြောင်း ကျောင်းခရိုင်က စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ အရေးယူမှုဖြစ်ပေါ်စေသည့် အပြုအမူမတိုင်မီ သိရှိထားခဲ့လျှင် ဤအသိပေးချက်တွင် ဖော်ပြထားသော အကာအကွယ်များအား ကလေးက ရယူနိုင်သည်။

**စည်းကမ်းပိုင်းဆိုင်ရာ ကိစ္စရပ်များအတွက် အခြေခံ သိရှိမှု**

အောက်ပါတို့ ဖြစ်ခဲ့လျှင် စည်းကမ်းပိုင်းဆိုင်ရာ အရေးယူမှု ဖြစ်ပေါ်စေသည့် အပြုအမူမတိုင်မီ ကလေးက မသန်စွမ်းသော ကလေးဖြစ်ကြောင်း ကျောင်းခရိုင်က သိရှိထားသည်ဟု ယူဆရမည် -

1. ကလေး၏ မိဘက ကလေးသည် အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများကို လိုအပ်ကြောင်း သင့်လျော်သည့် ပညာရေးဆိုင်ရာ အေဂျင်စီ၏ ကြီးကြပ်ရေး သို့မဟုတ် အုပ်ချုပ်ရေး ဝန်ထမ်း သို့မဟုတ် ကလေး၏ ဆရာတစ်ဦးထံ စာဖြင့်ရေးသား၍ ပူပန်မှုကို ဖော်ပြခဲ့သည်၊
2. *IDEA* ၏ အပိုင်း ခ အောက်ရှိ အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများတွင် အကျုံးဝင်နိုင်မှုနှင့် ပတ်သက်၍ အကဲဖြတ်မှုတစ်ခုကို မိဘက တောင်းဆိုခဲ့သည်၊ သို့မဟုတ်
3. ကလေးက ပြသသော အမူအကျင့်ပုံစံတစ်ခုအကြောင်း ပူပန်မှုအချို့ကို ကလေး၏ ဆရာ သို့မဟုတ် အခြား ကျောင်းခရိုင် ဝန်ထမ်းက အထူးပညာရေး၏ ကျောင်းခရိုင် ညွှန်ကြားရေးမှူး သို့မဟုတ် ကျောင်းခရိုင်၏ အခြား ကြီးကြပ်ရေး ဝန်ထမ်းထံ တိုက်ရိုက်ဖော်ပြခဲ့သည်။

**ခြွင်းချက်**

အောက်ပါတို့ ဖြစ်ခဲ့လျှင် ကျောင်းခရိုင်က ထိုကဲ့သို့ သိရှိကြောင်း မယူဆပါ -

1. ကလေး၏ မိဘများက ကလေးအား အကဲဖြတ်ရန် ခွင့်မပြုခဲ့ခြင်း သို့မဟုတ် အထူး ပညာရေး ဝန်ဆောင်မှုများကို ငြင်းဆိုထားခြင်း၊ သို့မဟုတ်
2. ကလေးအား အကဲဖြတ်ထားပြီး၍ *IDEA* ၏ အပိုင်း ခ အောက်တွင် မသန်စွမ်းသော ကလေးမဟုတ်ပါဟု ဆုံးဖြတ်ထားခြင်း။

**သိရှိထားခြင်းမရှိခဲ့လျှင် ထောက်ပံ့ပေးသည့် အခြေအနေများ**

**စည်းကမ်းပိုင်းဆိုင်ရာ ကိစ္စရပ်များအတွက် အခြေခံ သိရှိမှု**

နှင့် **ခြွင်းချက်** ခေါင်းစဉ်ခွဲများအောက်တွင် ဖော်ပြထားသည့်အတိုင်း စည်းကမ်းပိုင်းဆိုင်ရာ အရေးယူမှုများအား ကလေးအပေါ် ချမှတ်ခြင်းမရှိမီ ကလေးက မသန်စွမ်းသော ကလေးဖြစ်ကြောင်း ကျောင်းခရိုင်က သိရှိမထားလျှင် နှိုင်းယှဉ်နိုင်ဖွယ် အမူအကျင့်များတွင် ပါဝင်သည့် မသန်စွမ်းမဟုတ်သော ကလေးများအပေါ် ချမှတ်သည့် စည်းကမ်းပိုင်းဆိုင်ရာ အရေးယူမှုများအား ကလေးပေါ် ချမှတ်နိုင်သည်။

သို့သော်လည်း စည်းကမ်းပိုင်းဆိုင်ရာ အရေးယူမှု ချမှတ်ထားသည့် ကာလအတွင်း အကဲဖြတ်မှုပြုလုပ်ရန် တောင်းဆိုမှု ပြုလုပ်ခဲ့ပါက အကဲဖြတ်မှုကို မြန်ဆန်သွက်လက်စွာ ပြုလုပ်ရမည်။

အကဲဖြတ်မှု ပြီးဆုံးသည်အထိ ဆိုင်းငံ့ခြင်း သို့မဟုတ် ပညာရေးဆိုင်ရာ ဝန်ဆောင်မှုများ မပါဝင်ဘဲ ထုတ်ပယ်ခြင်းတို့အပါအဝင် ကျောင်းအာဏာပိုင်များက ဆုံးဖြတ်ထားသော ပညာရေးဆိုင်ရာ နေရာချထားမှုတွင် ကလေးကို ဆက်လက်ထားရှိရမည်။

ကလေးက မသန်စွမ်းသော ကလေးဖြစ်သည်ဟု ဆုံးဖြတ်ခဲ့ပါက ကျောင်းခရိုင်က ပြုလုပ်ထားသော အကဲဖြတ်မှုထံမှ အချက်အလက်များနှင့် မိဘများထံမှ အချက်အလက်များအား ထည့်သွင်းစဉ်းစား၍ အထက်တွင်ဖော်ပြထားသည့် စည်းကမ်းပိုင်းဆိုင်ရာ လိုအပ်ချက်များအပါအဝင် *IDEA* ၏ အပိုင်း ခ နှင့်အညီ အထူးပညာရေးနှင့် သက်ဆိုင်ရာဝန်ဆောင်မှုများကို ကျောင်းခရိုင်က ပေးအပ်ရမည်။

## ဥပဒေ စိုးမိုးရေးနှင့် တရားရေး အာဏာပိုင်အဖွဲ့အစည်းများ ထံသို့ လွှဲပြောင်းခြင်းနှင့် ထံမှ အရေးယူဆောင်ရွက်ခြင်း

**34 *CFR* §300.535**

*IDEA* ၏ အပိုင်း ခ တွင် အောက်ပါတို့ မပါဝင်ပါ -

1. မသန်စွမ်းသော ကလေးတစ်ဦးက ကျူးလွန်သည့် မှုခင်းအား သက်ဆိုင်ရာ အာဏာပိုင်များထံ အေဂျင်စီတစ်ခုက အကြောင်းကြားခြင်းအား တားမြစ်မထားပါ၊ သို့မဟုတ်
2. မသန်စွမ်းသော ကလေးတစ်ဦးက ကျူးလွန်ထားသည့် မှုခင်းအပေါ် ပြည်ထောင်စုနှင့် ပြည်နယ်ဆိုင်ရာ ဥပဒေများအရ ပြစ်ဒဏ်ချမှတ်ရန် ပြည်နယ် ဥပဒေ စိုးမိုးရေးနှင့် တရားရေး အာဏာပိုင် အဖွဲ့အစည်းများက ၎င်းတို့၏ ဝတ္တရားကို ဆောင်ရွက်ခြင်းအား တားဆီးမထားပါ။

### မှတ်တမ်း ဖြန့်ချိခြင်း

မသန်စွမ်းသူ ကလေးငယ်တစ်ဦးက မှုခင်းကျူးလွန်ကြောင်း ကျောင်းခရိုင်တစ်ခုက သတင်းပို့ခဲ့လျှင် ထိုကျောင်းခရိုင်က အောက်ပါတို့ကို ပြုလုပ်ရမည် -

1. ကလေး၏ အထူးပညာရေးနှင့် စည်းကမ်းပိုင်းဆိုင်ရာ မှတ်တမ်းမိတ္တူများအား အေဂျင်စီက သတင်းပို့ခဲ့သော အာဏာပိုင်များထံ ထည့်သွင်းစဉ်းစားနိုင်ရန် သေချာဖြန့်ချိပေးရမည်၊ ထို့အပြင်
2. ကလေး၏ အထူးပညာရေးနှင့် စည်းကမ်းပိုင်းဆိုင်ရာ မှတ်တမ်းများကို *FERPA* က ခွင့်ပြုထားသည့်အတိုင်းသာ ဖြန့်ချိနိုင်သည်။

## ပြည်သူ့ကုန်ကျစရိတ်ဖြင့် ပုဂ္ဂလိကကျောင်းများတွင် ကလေးများ၏ မိဘများ တစ်ဖက်သက်ကျသော နေရာချထားပေးမှုအတွက် လိုအပ်ချက်များ

### အထွေထွေ

**34 *CFR* §300.148**

ကျောင်းခရိုင်က သင့်ကလေးအတွက် *FAPE* ရရှိနိုင်ရန် ပြုလုပ်ပေးသော်လည်း ကလေးကို ပုဂ္ဂလိက ကျောင်း သို့မဟုတ် အထောက်အပံ့တွင်ထားရန် သင်ရွေးချယ်ခဲ့လျှင် *IDEA* ၏ အပိုင်း ခ အရ ပုဂ္ဂလိက ကျောင်း သို့မဟုတ် အထောက်အပံ့တွင် သင်၏ မသန်စွမ်းသော ကလေးအတွက် အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများအပါအဝင် ပညာရေးအတွက် ကုန်ကျစရိတ်များကို ကျောင်းခရိုင်က ပေးရန်မလိုအပ်ပါ။ သို့သော် 34 *CFR* §§300.131 မှ 300.144 အထိအောက်တွင် ပုဂ္ဂလိကကျောင်းတွင် မိဘများက ထားသဖြင့် တက်နေရသော ကလေးများနှင့်ဆက်လျှဉ်း၍ အပိုင်း ခ ကြီးကြပ်မှုအောက်တွင် အထူးပညာရေးအတွက် လိုအပ်သူများအား ဆောင်ရွက်ပေးသော လူစာရင်းတွင် သင့်ကလေးကို ပုဂ္ဂလိကကျောင်းတည်ရှိသည့် ကျောင်းခရိုင်က ထည့်သွင်းပါမည်။

### ပုဂ္ဂလိကကျောင်းတွင် နေရာချထားမှုအတွက် ငွေပြန်ထုတ်ယူခြင်း

သင့်ကလေးက ကျောင်းခရိုင်တစ်ခု၏ အခွင့်အာဏာအောက်တွင် အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများကို ယခင်က လက်ခံခဲ့၍ ကျောင်းခရိုင်၏ ခွင့်ပြုချက် သို့မဟုတ် လွှဲပြောင်းမှုမရှိဘဲ သင့်ကလေးကို ပုဂ္ဂလိက မူကြို၊ မူလတန်းကျောင်း သို့မဟုတ် အလယ်တန်းကျောင်းတွင်ထားရန် သင်ရွေးချယ်ပါက ထိုကျောင်းအပ်နှံမှုမတိုင်မီ အေဂျင်စီက သင့်ကလေးအတွက် *FAPE* ရရှိနိုင်ရန် အချိန်နှင့်တပြေးညီ ဆောင်ရွက်ထားခြင်းမရှိကြောင်းနှင့် ပုဂ္ဂလိကကျောင်းတွင် နေရာချထားမှုက သင့်လျော်ကြောင်း ရုံးတော် သို့မဟုတ် *ALJ* က တွေ့ရှိခဲ့လျှင် ထိုကျောင်းအပ်နှံမှု ကုန်ကျစရိတ်အား အေဂျင်စီက သင့်ထံ ငွေပြန်အမ်းပေးရန် ရုံးတော် သို့မဟုတ် *ALJ* က လိုအပ်နိုင်ပါသည်။ ကျောင်းအပ်နှံမှုက *MDE* နှင့် ကျောင်းခရိုင်များက ထောက်ပံ့ပေးသော ပညာရေးအား သတ်မှတ်ပေးသည့် ပြည်နယ်စံနှုန်းများနှင့် မကိုက်ညီလျှင်ပင် *ALJ* သို့မဟုတ် ရုံးတော်က သင်၏ အပ်နှံမှုက သင့်လျော်ကြောင်း တွေ့မြင်နိုင်ပါသည်။

### ငွေပြန်အမ်းမှုအတွက် ကန့်သတ်ချက်

အထက်တွင် ဖော်ပြထားသော ပြန်အမ်းယူနိုင်သည့် ကုန်ကျစရိတ်ကို လျှော့ချခြင်း သို့မဟုတ် ငြင်းဆိုခြင်း ပြုလုပ်နိုင်သည် -

1. အကယ်၍ - (က) ပြည်သူပိုင်ကျောင်းမှ သင့်ကလေးကို ရွှေ့ပြောင်းခြင်းမပြုမီ သင်တက်ရောက်ခဲ့သော နောက်ဆုံး *IEP* အစည်းအဝေးတွင် သင့်ပူပန်မှုများကို ဖော်ပြခြင်းနှင့် သင့်ကလေးကို ပြည်သူ့ကုန်ကျစရိတ်ဖြင့် ပုဂ္ဂလိကကျောင်းတွင် အပ်နှံရန် သင်၏

ရည်ရွယ်ချက်တို့အပါဝင် သင့်ကလေးအတွက် *FAPE* ထောက်ပံ့မှုပေးရန် ကျောင်းခရိုင်က အဆိုပြုသော နေရာချထားမှုအား သင်က ငြင်းဆိုကြောင်း *IEP* အဖွဲ့အား သင်အသိမပေးခဲ့ပါ၊ သို့မဟုတ် (ခ) ပြည်သူပိုင်ကျောင်းမှ သင့်ကလေးကို ရွှေ့ပြောင်းခြင်းမပြုမီ အနည်းဆုံး ရုံးဖွင့်ရက် ၁၀ ရက် (ရုံးဖွင့်ရက်အတွင်း ဖြစ်ပေါ်သည့် အားလပ်ရက်များအပါအဝင်) ကြိုတင်၍ ထိုအချက်အလက်ကို ကျောင်းခရိုင်ထံ စာဖြင့်အသိပေးခြင်းကို သင်မပေးခဲ့ပါ၊

2. အကယ်၍ သင့်ကလေးကို ပြည်သူပိုင်ကျောင်းမှ ရွှေ့ပြောင်းခြင်းမပြုမီ ကျောင်းခရိုင်က သင့်ကလေးအား အကဲဖြတ်မည့်အကြောင်း (သင့်လျော်၍ ကျိုးကြောင်းကျသည့် အကဲဖြတ်မှုဆိုင်ရာ ရည်ရွယ်ချက်ကို ဖော်ပြထားချက်တစ်ခုအပါအဝင်) ကြိုတင်စာဖြင့်ရေးသား အသိပေးချက်ကို သင့်ထံပေးအပ်ခဲ့သော်လည်း အကဲဖြတ်မှုကို သင့်ကလေးရယူနိုင်အောင် သင်မပြုလုပ်ပေးခဲ့လျှင်၊ **သို့မဟုတ်**
3. သင့်လုပ်ဆောင်မှုများက ကျိုးကြောင်းမကျကြောင်း ရုံးတော်က တွေ့ရှိခဲ့လျှင်။

သို့သော်လည်း ပြန်အမ်းယူနိုင်သည့် ကုန်ကျစရိတ်အား -

1. အကယ်၍ အောက်ပါတို့ ဖြစ်ခဲ့သဖြင့် အသိပေးချက် ပေးအပ်ရန် လစ်ဟာခဲ့ခြင်းအတွက် လျှော့ခြင်း သို့မဟုတ် ငြင်းဆိုခြင်း မပြုလုပ်ရ - (က) အသိပေးချက်ပေးရန် ကျောင်းက သင့်အား တားမြစ်ထားခြင်း၊ (ခ) အထက်တွင်ဖော်ပြထားသည့် အသိပေးချက် ပေးရန် သင်၏ တာဝန်အကြောင်း အသိပေးချက်ကို သင်ရရှိမထားလျှင်၊ သို့မဟုတ် (ဂ) အထက်ပါ လိုအပ်ချက်များအား လိုက်နာပါက သင့်ကလေးအား ကာယပိုင်းဆိုင်ရာ နာကျင်စေမှု ဖြစ်ပေါ်နိုင်ခြေရှိခြင်း၊ နှင့်
2. အကယ်၍ အောက်ပါတို့ဖြစ်ခဲ့လျှင် ရုံးတော် သို့မဟုတ် *ALJ* တစ်ဦး၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်အရ လိုအပ်သော အသိပေးချက် ပေးအပ်ရန် မိဘ၏ ပျက်ကွက်မှုကြောင့် လျှော့ခြင်း သို့မဟုတ် ငြင်းဆိုခြင်း မပြုလုပ်ရ - (က) မိဘက စာမတတ်လျှင် သို့မဟုတ် အင်္ဂလိပ်စာ မရေးတတ်လျှင်၊ သို့မဟုတ် (ခ) အထက်ပါ လိုအပ်ချက်များအား ဆောင်ရွက်ခြင်းက ကလေးအား စိတ်ပိုင်းဆိုင်ရာတွင် ပြင်းထန်စွာထိခိုက်နိုင်လျှင်။

## အရွယ်ရောက်ချိန်တွင် မိဘ၏ အခွင့်အာဏာများကို လွှဲပြောင်းခြင်း

**34 *CFR* §300.520**

မသန်စွမ်းသော ကျောင်းသားတစ်ဦး အရွယ်ရောက်သည့် အသက်ရောက်သည့်အခါ (တရားရုံးက တရားဝင် အုပ်ထိန်းသူ ခန့်အပ်ထားခြင်းမရှိလျှင် မီချီဂန်တွင် အသက် ၁၈ နှစ်) ကျောင်းသားနှင့် မိဘ နှစ်ဦးလုံးထံ *IDEA* ၏ အပိုင်း ခ အောက်တွင် လိုအပ်သည့် မည်သည့်အသိပေးချက်ကိုမဆို ပြည်သူပိုင်အေဂျင်စီက ပေးအပ်ရမည်ဖြစ်၍ *IDEA* ၏ အပိုင်း ခ အောက်တွင် မိဘထံပေးအပ်ထားသော အခွင့်အရေးများအားလုံးကို ကျောင်းသားထံ လွှဲပြောင်းရမည်။

မိဘထံ ပေးအပ်ထားသည့် အခွင့်အရေးများအားလုံးကိုလည်း အရွယ်ရောက်သည့် အသက်ရောက်သည့် ကျောင်းသားများထံနှင့် ပြည်ထောင်စု၊ ပြည်နယ် သို့မဟုတ် နယ်မြေခံ သက်ကြီး သို့မဟုတ် ကလေး ပြုပြင်ရေး အဖွဲ့အစည်းတွင် အကျဉ်းချထားခံရသူများထံ လွှဲပြောင်းရမည်။

## ပူးတွဲ က - ပြည်ထောင်စု အဓိပ္ပါယ်ဖွင့်ဆိုချက်များ

### ပြင်းထန်စွာ ခန္ဓာကိုယ်အား ဒဏ်ရာဖြစ်စေမှု

18 *USC* 1365(*h*)

3. "ပြင်းထန်စွာ ခန္ဓာကိုယ်အား ဒဏ်ရာဖြစ်စေမှု" ဆိုသည်မှာ အောက်ပါတို့အပါအဝင် ခန္ဓာကိုယ်အား ဒဏ်ရာရစေမှုဖြစ်သည် -
    - (A) သိသာထင်ရှားသည့် သေဆုံးနိုင်သော အန္တရာယ်၊
    - (B) ပြင်းထန်သော ခန္ဓာကိုယ် နာကျင်မှု၊
    - (C) ရှည်လျား၍ ထင်ရှားသော ရုပ်ရည်ပျက်စီးခြင်း၊ သို့မဟုတ်
    - (D) ခန္ဓာကိုယ် အစိတ်အပိုင်း၊ အင်္ဂါ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ အာရုံခံနိုင်စွမ်း လုပ်ဆောင်မှုများ ကာလရှည် ပျောက်ဆုံးခြင်း သို့မဟုတ် ထိခိုက်ခြင်း၊ နှင့်
4. "ခန္ဓာကိုယ် ဒဏ်ရာဖြစ်ခြင်း" ဆိုသည်မှာ -
    - (A) ပေါက်ပြဲခြင်း၊ ပွန်းပဲ့ခြင်း၊ ထိခိုက်ခြင်း၊ လောင်ကျွမ်းခြင်း သို့မဟုတ် ရုပ်ရည်ပျက်စီးခြင်း၊
    - (B) ခန္ဓာကိုယ် နာကျင်ခြင်း။
    - (C) ဖျားနာခြင်း၊
    - (D) ခန္ဓာကိုယ် အစိတ်အပိုင်း၊ အင်္ဂါ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ အာရုံခံနိုင်စွမ်း လုပ်ဆောင်မှုများ ထိခိုက်ခြင်း၊ နှင့်
    - (E) မည်မျှပင် ကာလတိုသည်ဖြစ်စေ ခန္ဓာကိုယ်တွင်ဖြစ်ပေါ်သော မည်သည့် ဒဏ်ရာများမဆို။

### လက်နက်

18 *USC* 930(*g*)

(၂) "အန္တရာယ်ရှိသော လက်နက်" ဆိုသည်မှာ အလျား ၂ ၁/၂ လက်မထက်နည်းသော ဓါးသွားတစ်ဖက်ပါ အိတ်ဆောင်ဓါးမှလွဲ၍ သေဆုံးခြင်း သို့မဟုတ် ပြင်းထန်စွာ ခန္ဓာကိုယ်အား ဒဏ်ရာဖြစ်ခြင်း အတွက် အသုံးပြုသည့် သို့မဟုတ် ယင်းသို့ပြုလုပ်ရန် အဆင်သင့် အသုံးပြုနိုင်သည့် လှုပ်ရှားနိုင်သော သို့မဟုတ် မလှုပ်ရှားနိုင်သော လက်နက်၊ ကိရိယာ၊ တန်ဆာပလာ၊ အရာဝတ္ထု သို့မဟုတ် ပစ္စည်း ဖြစ်သည်။